မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်၊ ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီ ၅ ရက်၊ စနေနေ့၊ အတွဲ(၄၂)၊ အမှတ်(၁၂၈)

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ရုရှားဖက်ဒရေးရှင်း နိုင်ငံခြားရေးဒုတိယဝန်ကြီးအားလက်ခံတွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ အလက်ဇန္ဒား ယူ အလက်ဆေးယက်အား ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ယင်းသို့လက်ခံတွေ့ဆုံရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးကျော်သူနှင့် ဦးမောင်မြင့်၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်နှင့် နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းတို့ တက်ရောက်ကြပြီး ဧည့်သည်တော် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ အလက်ဇန္ဒား ယူ အလက်ဆေးယက်နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Oleg V. Kabanov နှင့် သံရုံးမှတာဝန်ရှိသူများလည်း တက်ရောက်ကြသည်။

(သတင်းစဉ်)

တိုင်းရင်းသားလူမျိုးပေါင်းစုံ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းနေထိုင်ကြသော ပြည်ထောင်စုမြန်မာနိုင်ငံတော်

ကျွန်ုပ်တို့ နိုင်ငံတော်သည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း အစရှိသော တိုင်းရင်းသား လူမျိုးပေါင်းစုံ နှစ်ပရိစ္ဆေဒထောင်ချီ၍ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းနေထိုင်ကြသော ပြည်ထောင်စုမြန်မာနိုင်ငံဖြစ်ပါသည်။

တိုင်းရင်းသား သွေးချင်းသားချင်းများ၏ စိတ်သန္တာန်၌ အစဉ်အမြဲကိန်းဝပ်လျက်ရှိသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တိုင်းရင်းသားသွေးချင်းသားချင်း ညီအစ်ကို မောင်နှမများသည် သမိုင်းစဉ်တစ်လျှောက် တစ်မြေတည်းနေ၊ တစ်ရေတည်း သောက်ကြကာ ဥမကွဲသိုက်မပျက် နေထိုင်နိုင်ခဲ့ကြပြီး အရေးကြီးလျှင် သွေးနီးသည်ဟူသော စကားနှင့်အညီ နိုင်ငံတော်အပေါ် ကျရောက်လာသော ရန်စွယ်ဟူသမျှကို စုပေါင်း၍ တိုက်ခိုက်တွန်းလှန်နိုင်ခဲ့ကြပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၁)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာမှ–

နိုင်ငံရေးဦးတည်ချက်(၄)ရပ်	စီးပွားရေးဦးတည်ချက်(၄)ရပ်	လူမှုရေးဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကြိုဆို

❒ ပန်းတိုင်ဆီ သည်အောင်ပွဲ (တက္ကသိုလ်တင်ခ၏ကဗျာ (စာ–၃))

❒ မွန်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုကိုလေ့လာလျှင် နိုင်ငံတော်က တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုကျစ်လျစ်ခိုင်မြဲရေးနှင့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထွန်းကားရေးအတွက် ကဏ္ဍသစ်ဖွင့်လှစ်ပေးနေသည့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၏ အောင်မြင်မှုရလဒ်များကိုလည်း အထင်အရှားတွေ့ရှိရမည်ဖြစ်သည်။

(သီဟအောင်၏ ဆောင်းပါး (စာ–၈၊ ၁၀ နှင့် ၁၁))

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်)

မဟုတ်မမှန် လုပ်ကြံစွပ်စွဲမှုများကို တုံ့ပြန်ချေဖျက် မှန်ကန်သောဆောင်ရွက်ချက်များ ထင်ရှားအောင်ပြသ

နိုင်ငံတော်အစိုးရသည် နိုင်ငံ့တာဝန်စတင်ယူစဉ်ကပင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်ကို တည်ဆောက်သွားမည်ဟု ရည်မှန်းချက်ထားပြီး နိုင်ငံသားတိုင်း လိုက်နာလုပ်ဆောင်ကြရမည့် ဒို့တာဝန်အရေးသုံးပါးဖြစ်သည့် အမျိုးသားရေး မူဝါဒတစ်ရပ်ကို ချမှတ်ကာ ဦးတည်ချက် (၁၂)ရပ်ဖြင့် နေ့မအားညမနား ကြိုးပမ်းဆောင်ရွက်လာခဲ့သည်။

ယင်းသို့ ကြိုးပမ်းဆောင်ရွက်ရာ၌ နိုင်ငံတော်တည်ငြိမ်အေးချမ်းလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ နိုင်ငံသူနိုင်ငံသားများ စားဝတ်နေရေး ပြည့်စုံဖူလုံပြီး စီးပွားရေးအခြေခံ ခိုင်မာတောင့်တင်းရေး၊ နိုင်ငံတော်တည်ဆောက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး စသည်တို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

တစ်ဖက်ကလည်း စည်းကမ်းပြည့်ဝသော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံအဖြစ် ကူးပြောင်းနိုင်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကိုချမှတ်ကာ ပထမဆုံးအချက်လည်းဖြစ်၊ အရေးအကြီးဆုံး လုပ်ငန်းလည်းဖြစ်သည့် အမျိုးသားညီလာခံကြီးကို အောင်အောင်မြင်မြင်ပြီးဆုံးသည်အထိ ကျင်းပနိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ဤကဲ့သို့သော အချိန်အခါမျိုးတွင် ပြည်သူများလိုလားတောင့်တနေကြသည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံဖြစ်ပေါ်လာရေးအတွက် ဝိုင်းဝန်းကူညီ အားပေးရမည့်အစား မိမိတို့နိုင်ငံအပေါ် အမျိုးမျိုးပုတ်ခတ် စွပ်စွဲကာ ကမ္ဘာ့အလယ်၌ အထင်အမြင်လွဲမှားအောင် လုပ်ကြံဖန်တီးနှောင့်ယှက်မှုများ လုပ်ဆောင်လျက်ရှိသည်ကို တွေ့မြင်နေရပေသည်။

၎င်းတို့သည် ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးဆိုသည်များကို အကြောင်းပြပြီး မဟုတ်မမှန် လုပ်ကြံစွပ်စွဲ ပုတ်ခတ်ပြောဆိုကာ ကုလသမဂ္ဂမျက်နှာစာသို့ ရောက်ရှိစေရန်၊ ကုလသမဂ္ဂမှ မိမိတို့နိုင်ငံအပေါ် အရေးယူမှုပြုလာစေရန် ကြံဆောင်ကြိုးပမ်းနေကြောင်း ကြားသိနေရပေသည်။

ဖေဖော်ဝါရီလ ၃ရက်နေ့က ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဓမ္မာရုံ(?) ... ဖေယျာသီရိဗိမာန်ခန်းမ၌ ကျင်းပသော အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ စတုတ္ထအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အရွယ်မရောက်သေးသူ ကလေးသူငယ်များအားစစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာ၌-

"နိုင်ငံတော်အပေါ် မလိုလားသည့် အဖျက်အမှောင့်သမားများရှိနေသမျှ နိုင်ငံကြီးအချို့က မိမိတို့နိုင်ငံအပေါ် လုပ်ကြံစွပ်စွဲ ပုတ်ခတ်မှုအမျိုးမျိုးကို နယ်ပယ်ကဏ္ဍစုံက လုပ်ဆောင်နေကြဦးမည်သာ ဖြစ်ကြောင်း၊ သို့ဖြစ်၍ နိုင်ငံတကာက မိမိတို့နိုင်ငံအပေါ် အမြင်မလွဲမှားစေရေးအတွက် အမြဲမပြတ် စနစ်တကျတုံ့ပြန်နိုင်ရန် လိုကြောင်း"

ပြောကြားသွားသည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ ညီညီညွတ်ညွတ် လက်တွဲကြိုးပမ်းဆောင်ရွက်မှုများကြောင့် တည်ငြိမ်အေးချမ်းသာယာမှု အရသာများ၊ အောင်မြင်မှုအသီးအပွင့်များ နိုင်ငံတစ်ဝန်းဖြစ်ထွန်းပေါ်ပေါက်လျက်ရှိရာ ထိုအကျိုးရလဒ်ကောင်းများကို တိုင်းရင်းသားပြည်သူများ အားလုံးထိတွေ့ခံစားနေကြရပြီ ဖြစ်သည်။

ပကတိဖြစ်ပေါ်တိုးတက်မှုများ၊ မှန်ကန်သော ဆောင်ရွက်ချက်များကို နိုင်ငံတကာက သိမြင်ပြီး အဖျက်အမှောင့်သမားများ၏ မဟုတ်မမှန် လုပ်ကြံစွပ်စွဲမှုများကို သိမြင်သဘောပေါက်စေရန်အတွက် သက်ဆိုင်ရာ ကဏ္ဍအလိုက် အထူးအလေးထား ချေဖျက်သွားနိုင်ရန် ဝိုင်းဝန်းကြိုးပမ်း လုပ်ဆောင်ကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ဖြစ်ပေါ်တိုးတက်မှုများ၊ မှန်ကန်သော ဆောင်ရွက်ချက်များကို နိုင်ငံတကာမျက်နှာစာ၌ ပေါ်လွင်ထင်ရှားအောင် ပြသနိုင်ရန်နှင့် မဟုတ်မမှန် လုပ်ကြံစွပ်စွဲမှုများကို သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် တိုင်းရင်းသားပြည်သူအားလုံးက အမျိုးသားရေး စိတ်ဓာတ်ဖြင့် စဉ်ဆက်မပြတ် ချေဖျက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၅-၂-၂၀၀၅
(စနေနေ့)
နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော်
"ဝိသုဒ္ဓိခုနှစ်ပါး၊ ရထားခုနှစ်စင်း ဥပမာ"

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀ ၄။ ချစ်သူစုံတွဲ တူယှဉ်နွဲ
၄:၃၀ ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၃၅ ၆။ မြန်မာသံစဉ်ချိုနှာဝင်
၄:၄၅ ၇။ မျိုးချစ်တပ်မတော်
၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် ပါရာယနဝတ္ထု (တတိယနှစ်-မြန်မာစာ)
၅:၃၀ ၉။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၅။ လျှပ်တစ်ပြက်
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရင်မှာတိုးဖွေ့ မွှေးနေဆဲ"** (အပိုင်း-၁)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ မြန်မာ့ရှုခင်း
၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၁။ English Premier League ဘောလုံးပွဲ Manchester United Vs Birmingham City

ဆက်သွယ်ရေးဂြိုဟ်တု တည်ဆောက်ရေး အီရန်နှင့်ရုရှား စာချုပ်လက်မှတ်ရေးထိုး

တီဟီရန် ဖေဖော်ဝါရီ ၄

အီရန်နိုင်ငံသည် ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၁၃၂ သန်းတန်ဖိုးရှိ ဆက်သွယ်ရေးဂြိုဟ်တုတစ်လုံး တည်ဆောက်ရန် ရုရှားကုမ္ပဏီတစ်ခုနှင့် သဘောတူစာချုပ်တစ်ရပ် လက်မှတ်ရေးထိုးထားကြောင်း သတင်းစာတစ်စောင်က တနင်္လာနေ့တွင် ဖော်ပြသည်။

လပေါင်း ၃၀ အတွင်း လွှတ်တင်မည့် ဇိုရေး(ဗီးနတ်စ်) ဂြိုဟ်တုသည် နိုင်ငံ၏ ဝေးလံသီခေါင်သော အရပ်ဒေသများရှိ ဆက်သွယ်ရေးအတွက် အထောက်အပံ့ဖြစ်စေကာ ရေဒီယိုနှင့် ရုပ်မြင်သံကြား သတင်းထုတ်လွှင့်ချက်များအား တိုးတက်ကောင်းမွန်စေမည်ဖြစ်ပြီး အင်တာနက်လုပ်ငန်းတိုးမြှင့်နိုင်မည်ဖြစ်ကြောင်း သတင်းစာက ဖော်ပြသည်။

အဆိုပါဂြိုဟ်တုကို ရုရှား အဗီယာတင်ပို့မှုကုမ္ပဏီက တည်ဆောက်မည်ဖြစ်ကြောင်း ဆက်သွယ်ရေးနှင့် ဆက်သွယ်ရေးနည်းပညာဝန်ကြီးအား မက်မိုတာမီဒီ၏ ပြောကြားချက်ကို သတင်းစာက ကိုးကားဖော်ပြသည်။

ဂြိုဟ်တုနှင့်ပတ်သက်၍ အသေးစိတ်အတိအကျကို ဖော်ပြခြင်းမရှိသည့်ပြင် မည်သည့်နေရာမှ ဂြိုဟ်တုလွှတ်တင်မည်ဆိုသည်ကို ယင်းသတင်းစာက ဖော်ပြခြင်းမရှိပေ။ ရာသီဥတုခန့်မှန်းချက်နှင့် သဘာဝအရင်းအမြစ်များရှိရာကို ဖော်ပြရာတွင် အသုံးပြုမည့် ပြည်တွင်းဖြစ် မက်စ်ဘား (လင်တန်) ဂြိုဟ်တုကို ၂၀၀၅ ခုနှစ် မေလတွင် အာကာသအတွင်းသို့ လွှတ်တင်မည်ဖြစ်ကြောင်း လွန်ခဲ့သည့်နှစ်၌ အီရန်က ပြောကြားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

နီပေါ-တရုတ် ပူးပေါင်းဆောင်ရွက်မှု နီပေါဝန်ကြီးချုပ် ချီးကျူးပြောကြား

ခတ္တမန္ဒူ ဖေဖော်ဝါရီ ၃

တရုတ်အစိုးရ၏ ထောက်ပံ့ကူညီချက်ဖြင့် ဆောက်လုပ်ခဲ့သည့် နီပေါရုပ်မြင်သံကြား အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ခတ္တမန္ဒူ၌ တနင်္ဂနွေနေ့က ကျင်းပရာ နီပေါ-တရုတ် ခင်မင်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို နီပေါဝန်ကြီးချုပ် ရှားဘာဟာဒူဂျူဘာက ချီးကျူးပြောကြားခဲ့သည်။

နီပေါရုပ်မြင်သံကြားအဆောက်အအုံသစ်သည် မိမိတို့နှစ်နိုင်ငံ၏ အစိုးရများနှင့် ပြည်သူများအကြား ခင်မင်ရင်းနှီးစွာဆက်ဆံမှု၏ သမိုင်းမှတ်တိုင်သစ်အဖြစ် တည်ရှိနေသည်ကို ဖော်ညွှန်းလျက်ရှိကြောင်း ဂျူဘာက ပြောကြားသည်။

ဝန်ကြီးချုပ်က အမေရိကန်ဒေါ်လာ ၁၈၅ သန်းတန်ဖိုးရှိ အဝေးပြေးလမ်းများ၊ တံတားများ၊ စက်ရုံများ၊ ဆေးရုံများ၊ အားကစားကွင်းများနှင့် ဆွေးနွေးပွဲခန်းမများဖြစ်သော စီမံကိန်း ၇၇ ခု အပါအဝင် နီပေါနိုင်ငံသို့ စေတနာထားကာ အကူအညီ အဆက်မပြတ်ပေးသည့်အတွက်လည်း တရုတ်အစိုးရကို ချီးကျူးပြောကြားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ



ငါးဖြင့်ပြုလုပ်ထားသော ဝိုင်အရက် တရုတ်ပြည်၌ ဈေးကွက်ပို့ရန် အသင့်ရှိနေ

တလျံ ဖေဖော်ဝါရီ ၄

တရုတ်ပြည်အနောက်မြောက်ဘက် လိုင်ယိုနင်ပြည်နယ်ရှိ ပင်လယ်ကမ်းခြေမြို့ တစ်မြို့ဖြစ်သော တလျံမြို့တွင် သီးနှံများ၊ စပျစ်သီးများ သို့မဟုတ် မက်မန်းသီးကဲ့သို့ အသီးများအစား ငါးဖြင့်ပြုလုပ်ထားသော ဝိုင်အရက်သည် ဈေးကွက်သို့ပို့ရန် အသင့်ရှိနေပြီ ဖြစ်သည်။

ယခင်က ဒေသ ငါးဖမ်းလုပ်ငန်း အုပ်စုတစ်ခုမှ ဆန်ကီမင်ဆိုသူသည် ငါးမှ ဝိုင်အဖြစ်သို့ ဂဇော်ဖောက်သည့် နည်းစနစ်ကို ရရှိခဲ့သည်။ အဆိုပါတီထွင်မှုအရ ၂၀၀၂ ခုနှစ်တွင် မူပိုင်ခွင့်ရရှိခဲ့သည်။ ယင်းနည်းပညာအပေါ် အခြေခံ၍ ရေကြောင်းသတ္တဗေဒဆိုင်ရာ ဝိုင်ချက်စက်ရုံကို ယခုနှစ်စောစောပိုင်းက ဖွဲ့စည်းတည်ထောင်ခဲ့သည်။

မျှော်လင့်

နှစ်စဉ်တန် ၅၀၀ ထုတ်လုပ်မည့် ယင်းဝိုင်ချက်စက်ရုံသည် ဒေသနှင့် ယခုလာမည့် ဇူလိုင်လတွင် နိုင်ငံဈေးကွက်ကိုပင် ဖြန့်ဝေနိုင်ရန် မျှော်လင့်ထားပြီး ဂျပန်၊ ရုရှားနှင့် တရုတ်ပြည် အခြားနေရာများမှ အမှာစာများကို ကုမ္ပဏီက ရရှိခဲ့သည့်အချိန်ကတည်းက ဖြန့်ဝေရန် မျှော်လင့်ထားသည်။

အာဟာရဖြစ်စေ

တရုတ်ပြည်ရှိ ဝိုင်ချက်စက်ရုံများနှင့် ခြားနားစွာ ယင်းဝိုင်ချက်စက်ရုံသည် သန့်ရှင်းခြင်း၊ ကျိုချက်ခြင်းနှင့် ဝိုင်ပြုလုပ်ရန်အတွက် ငါးကို ဂဇော်ဖောက်ခြင်းများ ပြုလုပ်မည်ဖြစ်ပြီး အဆိုပါဝိုင်သည် အာဟာရဖြစ်စေပြီး အယ်လ်ကိုဟောပါဝင်မှု နိမ့်ကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ



ဖေဖော်ဝါရီ ၄ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာအလက်ဇန္ဒား ယူ အလက်ဆေးယက်နှင့် အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

ရွှေမြင့်မိုရ်ဆရာတော် မိုးကုတ်တရားစခန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၄

မိုးကုတ် ဝိပဿနာအဖွဲ့ချုပ်မှ ဓမ္မကထိက ရွှေမြင့်မိုရ်ကျောင်းတိုက် ပဓာနနာယကဆရာတော် ဗဟုဇန ဟိတဓရ ဘဒ္ဒန္တသောဘဏ (ဒီဃနိကာယ ကောဝိဒ သာသနာ့ဇောတိကဓဇ ဓမ္မာစရိယ) သည် တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ပါရမီလမ်းရှိ ရွှေမြင့်မိုရ်ကျောင်းတိုက်၌ ဖေဖော်ဝါရီ ၁၈ရက်မှ ၂၇ရက်အထိ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ ယောဂီများအနေဖြင့် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁-၅၇၁၂၅၈သို့ဖြစ်စေ ဖေဖော်ဝါရီ ၁၇ရက်အရောက် ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်နှင့်ဝန်ကြီးဗိုလ်ချုပ်တင်ထွတ် ဓာတ်အားခွဲရုံစစ်ဆေး တည်ဆောက်ရေးလုပ်ငန်းများအရှိန်အဟုန်ဖြင့်ဆောင်ရွက်ရေးမှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၄

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်သည် ရေအားလျှပ်စစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ဇန်နဝါရီ ၂၉ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ်အတွင်း တည်ဆောက်လျက်ရှိသည့် ရွှေလီရေအားလျှပ်စစ်စီမံကိန်းသို့ရောက်ရှိပြီး စီမံကိန်းရှင်းလင်းဆောင်၌ တာဝန်ရှိသူများ၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေ ရှင်းလင်းချက်များအပေါ် ဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ရွှေလီရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိပြီးစက်ယန္တရားများဖြင့် ရေလွှဲဥမင်အဝင်နှင့် အထွက် ဖောက်လုပ်မှု၊ အရှည် ၃ဒသမ၂ မိုင်ရှိ ရေယူဥမင်လိုဏ် ဖောက်လုပ်ရန် လိုအပ်သော ချဉ်းကပ်ဥမင်အမှတ်(၁) နှင့် (၃) ဖောက်လုပ်ပြီးစီးမှု၊ ရေအားလျှပ်စစ်စက်ရုံဆောက်လုပ်မည့်နေရာ၊ ၄၅အမ်ဗွီအေ ဓာတ်အားခွဲရုံဆောက်လုပ်မည့်နေရာနှင့် စီမံကိန်းအဆောက်အအုံ ဆောက်လုပ်ပြီးစီးမှု၊ အရှည်အသွေး စမ်းသပ်စစ်ဆေးရေး စက်ကိရိယာများ တပ်ဆင်ထားရှိမှု အခြေအနေများကို အသေးစိတ် လိုက်လံစစ်ဆေးပြီးလိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့် အဖွဲ့သည် ဇန်နဝါရီ ၂၉ရက် ညနေပိုင်းတွင် မူဆယ်မြို့နယ် တုန်ခမ်းကျေးရွာရှိ နမ့်ခွန်ချောင်း အသေးစား ရေအားလျှပ်စစ်စက်ရုံသို့ရောက်ရှိပြီး ဓာတ်အားထုတ်လုပ်နေမှု၊ တာဘိုင်နှင့် ဂျင်နရေတာများ၏ ကြံ့ခိုင်မှု၊ ရေသိုလှောင်ထားနိုင်မှု အခြေအနေများအား လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့သည်။

အရှိန်အဟုန်ဖြင့်ဆောင်ရွက်

ဇန်နဝါရီ ၃၀ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် ဝန်ကြီးဗိုလ်ချုပ်တင်ထွတ်တို့သည် နမ္မတူမြို့နယ် မန်စံကျေးရွာတွင် တည်ဆောက်လျက်ရှိသည့် ၂၃၀/၆၆ ကေဗွီ ၆၀ အမ်ဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်ရေး လုပ်ငန်းခွင်သို့ရောက်ရှိပြီး တည်ဆောက်ရေးလုပ်ငန်းများအား ပွင့်လင်းရာသီတွင်အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရေး၊ ဓာတ်အားလိုင်း တည်ဆောက်ရေးလုပ်ငန်းများအား သတ်မှတ်ကာလထက်စော၍ ပြီးစီးအောင်ဆောင်ရွက်ကြရေး ဆွေးနွေးမှာကြားပြီး ဓာတ်အားခွဲရုံ တည်ဆောက်ရေးလုပ်ငန်းများအား လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့သည်။ **(သတင်းစဉ်)**

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုကဗျာ

ပန်းတိုင်ဆီ သည်အောင်ပွဲ

ပြည်ထောင်စု နိုင်ငံတစ်ဝန်း၊
ရည်ကာမှန်း နိုင်ငံသစ်ဆီသို့၊
မျိုးချစ်တဲ့ပြည်သူတွေ၊
ဖွဲ့စည်းပုံအခြေခံဥပဒေ၊
ထောက်ခံလို့နေ၊
ညီညာလေ စုပေါင်း၊
ရည်ကာသန် နောင်တွင်အေးစေဖို့၊
ညီလာခံ အောင်မြင်ရေးကိုလ၊
ရှေးရှုစေကြောင်း။
ငြိမ်းချမ်းစွာ ရောင်ခြည်မြူးချိန်မို့၊
ထူးလှတဲ့ ဒို့မြန်ပြေ(ပြည်)
တိုင်းရင်းသား ညီနောင်ရင်းတွေနဲ့၊
ရိုင်းပင်းထား ပြည်ထောင်တွင်းမှာလ၊
သွေးချင်းတို့ ဆုံတွေ့နေ၊
ပြည်ထောင်စု တွဲယှက်နေ၊
တွဲလက်တွေ မဖြုတ်စတမ်း၊
ဒို့ပြည်ထောင် ခေတ်မီရေးကိုလ၊
ဒို့ညီနောင် ချစ်ကြည်တေးရယ်နဲ့၊
ကြွေးကြော်ကြစမ်း။
ပြည်ထောင်စု နေ့မြတ်ထူးကိုလ၊
ရည်စူးလို့ ထောက်ခံနေ၊
ရှေ့လမ်းစဉ် ခုနစ်ရပ်က၊
မွန်မြတ်လို့ အောင်မြင်စေ၊
ဝိုင်းဝန်းကာ ထိန်းသိမ်းမှ၊
ငြိမ်းချမ်းလို့ တည်ငြိမ်နေ၊
ကိုယ့်တာဝန် ကိုယ်နိုင်စေ၊
ကျေပွန်ဖို့အရေး။
ပန်းတိုင်ဆီ သည်အောင်ပွဲကိုလ၊
လှမ်းပြိုင်ညီ ရည်ဆောင်တွဲကာပ၊
(ပြည်သူတို့ရယ်) နွဲကြစို့လေး။ ။

တက္ကသိုလ်တင်ခ

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

* ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊
* တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊
* ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊
* နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ပြည်ပအဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊
* နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

တွင်းသစ်များဆက်လက်ရှာဖွေတူးဖော်နိုင်ရေး ဆိုက်စမစ်တိုင်းတာရေးလုပ်ငန်းများဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၄

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၂ရက်က ရန်ကုန်တိုင်း ကော့မှူးမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်တို့၌ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေရေးအတွက် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ဆိုက်စမစ်တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းခွင်သို့ သွားရောက်စစ်ဆေးသည်။

ဝန်ကြီးသည် ကော့မှူးမြို့နယ် စပါးကြီးစမ်းဒေသ ဆိုက်စမစ်တိုင်းတာရေးလုပ်ငန်းခွင်သို့ ရောက်ရှိလာရာ ဆိုက်စမစ်အဖွဲ့တာဝန်ခံ ဦးအေးကိုနှင့် ဘူမိရူပဗေဒအရာရှိချုပ် ဦးမင်းဟန်တို့က ဆိုက်စမစ်တိုင်းတာဆောင်ရွက်ပြီးစီးမှုအခြေအနေကိုလည်းကောင်း၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းလွင်က စပါးကြီးစမ်း အစမ်းတွင်းအမှတ်(၁)နှင့် (၂)တို့ကို တူးဖော်စမ်းသပ်ခဲ့မှုနှင့် အလားအလာကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက မိုးမကျမီ တိုင်းတာခြင်းလုပ်ငန်းများ အချိန်မီပြီးစီးရေး၊ တိုင်းတာရရှိမည့် အချက်အလက်များ လေ့လာသုံးသပ်ခြင်းလုပ်ငန်းများကို သေချာအောင်ဆောင်ရွက်ပြီး ရှာဖွေရေးတွင်းများ ဆက်လက်တူးဖော်သွားနိုင်ရေး မှာကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ်နှင့် ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ်များအတွင်း ဆိုက်စမစ်တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းခွင်သို့ရောက်ရှိရာ တာဝန်ရှိသူတို့က ဆိုက်စမစ်တိုင်းတာဆောင်ရွက်နေမှု အခြေအနေ၊ ဒေးဒရဲ အစမ်းတွင်းအမှတ်(၁) တူးဖော်ခဲ့မှု အခြေအနေနှင့်အလားအလာတို့ကို ရှင်းလင်းတင်ပြကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက်ဝန်ကြီးက ဒေးဒရဲ-စပါးကြီးစမ်းဒေသ၌ တူးဖော်ပြီးစီးခဲ့သည့် အစမ်းတွင်းများမှ အချက်အလက်များနှင့် ဆက်စပ်ပြီး အလားအလာကောင်းသည့်နေရာများ၌ ဆိုက်စမစ်တိုင်းတာခြင်း၊ ပုံဖော်ခြင်း၊ တွင်းသစ်နေရာသတ်မှတ်ခြင်းလုပ်ငန်းများကို စနစ်တကျ သေချာအောင်ဆောင်ရွက်ကြရန်နှင့် ညောင်တုန်း၊ မအူပင်၊ ဒေးဒရဲဒေသဆက်စပ်လျက်ရှိသည့် ဘူမိအနေအထားများတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရန်အတွက် တွင်းသစ်များ ဆက်လက်ရှာဖွေ တူးဖော်သွားနိုင်ရေးတို့ကို မှာကြားပြီး ဆိုက်စမစ်တိုင်းတာခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီနှင့် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၂/၂၀၀၅)တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

✳ ကျောဖုံးမှ

လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး နှင့် လုပ်ငန်း ကော်မတီဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီဝင်များ တက်ရောက်ကြသည်။ အစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် တွဲဖက်အတွင်းရေးမှူး(၂) ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

အပြီးသတ်ညှိနှိုင်း

ရှေးဦးစွာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် အမျိုးသားညီလာခံကို ၂၀၀၅ခုနှစ် ဖေဖော်ဝါရီလ ၁၇ရက်တွင် ပြန်လည်ကျင်းပရန် ခေါ်ယူထားပြီးဖြစ်ကြောင်း၊ အဆိုပါ ညီလာခံအတွက် ကြိုတင်ပြင်ဆင်မှု လုပ်ငန်းများကို သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆောင်ရွက်လုပ်ကိုင်လျက်ရှိကြရာ အတော်အတန်ပြီးစီးပြီဟု သိရှိရကြောင်း၊ ယခု လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် လိုအပ်သည်များကို အပြီးသတ် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့်ညီလာခံနှင့် ယခုညီလာခံအကြားတွင် ကွယ်လွန်သည့် ညီလာခံကိုယ်စားလှယ်များ၊ ကျန်းမာရေးအရ ညီလာခံသို့ မတက်ရောက်နိုင်သည့် ကိုယ်စားလှယ်များရှိရာ ၎င်းတို့နေရာများတွင် အစားထိုးတက်ရောက်နိုင်ရေးအတွက် စီစဉ်ထားကြောင်း၊ ညီလာခံကိုယ်စားလှယ် စုစုပေါင်း ၁၀၈၆ဦးထံသို့ အစည်းအဝေးဖိတ်စာများ ပေးပို့ထားပြီးဖြစ်ကြောင်း။

အမျိုးသား ညီလာခံကိုယ်စားလှယ်များမှာ ပညာအရည်အချင်းရှိသူများ၊ အတွေ့အကြုံရင့်ကျက်သူများ ဖြစ်ကြကြောင်း၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့တွင်လည်း တိုင်းရင်းသားများ စုံစုံလင်လင်ပါဝင်လျက်ရှိပြီး ယင်းအစုအဖွဲ့တွင် ပါဝင်သည့်ညီလာခံကိုယ်စားလှယ် ၆၃၃ ဦးမှာ ပြည်နယ်နှင့်တိုင်းအသီးသီးကို ကိုယ်စားပြုသည့် မြို့နယ်စုံမှကိုယ်စားလှယ်များဖြစ်ကြသည့်အပြင် ဒေသတွင်းအများကလေးစားခြင်းခံရသော ကိုယ်စားလှယ်များဖြစ်ကြကြောင်း။

စနစ်တကျကြိုဆိုနိုင်ရေး

ညီလာခံ ကိုယ်စားလှယ်များအား ၂၀၀၅ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့အရောက် ခေါ်ယူထားရာ ခရီးလမ်းပန်းအခြေအနေအရ စော၍ရောက်လာမည့်သူများ အပါအဝင် ကိုယ်စားလှယ်အားလုံးကို လေဆိပ်၊ ဘူတာရုံ၊ သင်္ဘောဆိပ်၊ ကားဂိတ်များမှ စနစ်တကျ ကြိုဆိုနိုင်ရေး၊ နေရာထိုင်ခင်း ချထားနိုင်ရေးတို့ကို စီမံခန့်ခွဲမှုကော်မတီက အစီအမံများ ကြိုတင်စီမံ ဖြည့်တင်းကြရမည်ဖြစ်ကြောင်း၊ ကျန်းမာရေးအတွက် ဆေးရုံ၊ အားကစားရုံ၊ ဖျော်ဖြေရေးအတွက် ဇာတ်ရုံ စသည်တို့တွင် ဆေးဝါးပစ္စည်းကိရိယာ စုံစုံလင်လင် ထားရှိပေးရေး၊ သက်သာချောင်ချိရေးအတွက် အရောင်းဆိုင်များကို ယခင်အစည်းအဝေးနည်းတူ ဖွင့်လှစ်ပေးရေး စသည်တို့အတွက် ကြိုတင်ဆောင်ရွက်ထားကြရန်ဖြစ်ကြောင်း။

အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီအနေဖြင့် ပြန်လည်ကျင်းပမည့် အမျိုးသားညီလာခံသို့ တင်ပြရန်ရှိသည့် ကိစ္စများကို ပြည့်စုံအောင် ပြုစုသွားကြရန်ဖြစ်ကြောင်း၊ နိုင်ငံတော်အာဏာ၏ ခက်မသုံးဖြာဖြစ်သော ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့နှင့် စပ်လျဉ်းသည့် အရေးကြီးသော အပိုင်းကို ဆွေးနွေးညှိနှိုင်းနေခြင်းဖြစ်၍ အမှားအယွင်းကင်းအောင်စေ့စပ်သေချာစွာ ဆောင်ရွက်ကြရန် လိုကြောင်း။

ကြပ်မတ်ဆောင်ရွက်ရန်မှာကြား

အမျိုးသားညီလာခံကိုအထောက်အကူပြုကြသည့် ဝန်ထမ်းအဖွဲ့အစည်းများကို ကျစ်ကျစ်လျစ်လျစ် စုစည်းပေါင်းစပ်ဆောင်ရွက်ကြရန်နှင့် နိုင်ငံတော်အကြီးအကဲ၏ အခါမလပ် လမ်းညွှန်မှာကြားချက်နှင့်အညီ ငွေကြေးသုံးစွဲမှုတွင် ခြိုးခြံချွေတာရေး၊ အလေအလွင့်မရှိရေး၊ မကုန်သင့်သည်ကို မကုန်ကျစေရေးတို့အတွက် တာဝန်ရှိသူအသီးသီးက ကြပ်မတ်ဆောင်ရွက်ကြရန်မှာကြားလိုကြောင်း။

အထူးသဖြင့် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် နိုင်ငံတော်က ချမှတ်အကောင်အထည်ဖော်လျက်ရှိသော နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်တွင် ပထမဆုံးနှင့် အရေးကြီးဆုံးလုပ်ငန်းဖြစ်သည့် အမျိုးသားညီလာခံ ကျင်းပနေခြင်းကို ပျက်စီးအောင် မသမာသူများက ဆိုးညစ်သည့် အကြံအစည်ဖြင့် သွေးထိုးလှုံ့ဆော်မှုများ၊ အဖျက်လုပ်ရပ်များ ပြုလုပ်လျက်ရှိသဖြင့် လုံခြုံရေး သတိ၊ လုံခြုံရေးအသိဖြင့် ဖိဖိစီးစီး ဂရုတစိုက် ဟန့်တားကာကွယ် တားဆီးရန် လိုအပ်ကြောင်း။

အမျိုးသားညီလာခံစတင်သည့်မှ ပြီးဆုံးသည့်အထိ လုပ်ငန်းများ ချောမောအောင်မြင်အောင် ကော်မရှင်၊ ကော်မတီဝင်များအနေဖြင့် မိမိတို့ လုပ်ငန်းတာဝန်များကို စနစ်တကျ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက ၂၀၀၄ခုနှစ် ဇူလိုင်လ၉ရက် အမျိုးသား ညီလာခံ ခေတ္တရပ်နားစဉ်မှစ၍ အလှည့်ကျ သဘာပတိအဖွဲ့နှင့် လုပ်ငန်းကော်မတီတို့၏ ဆောင်ရွက်ချက်များကိုလည်းကောင်း၊ လာမည့် အမျိုးသားညီလာခံတွင် ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းများကိုလည်းကောင်း၊ ကြိုတင်ပြင်ဆင်ထားရှိမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် အမျိုးသားညီလာခံ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က ပြည်ထောင်စုခန်းမကြီးနှင့် အစုအဖွဲ့ အစည်းအဝေးခန်းများ ပြင်ဆင်ထားမှု၊ တည်းခိုဆောင်များတွင် အိပ်ရာနေရာပြုပြင်ပြင်ဆင်ထားမှုနှင့် နေရာချထားမှု၊ စားဆောင်ပြင်ဆင်ထားမှု၊ သယ်ယူပို့ဆောင်ရေးစီစဉ်ထားမှု၊ ဆိုင်းဘုတ်များပြင်ဆင်မွမ်းမံမှုစသည့် စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်က ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကိုမှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

အစည်းအဝေး အပြီးတွင် အမျိုးသား ညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ် လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီ ဝင်များ၊ တာဝန်ရှိပုဂ္ဂိုလ်များသည် ညီလာခံကိုယ်စားလှယ်များ၏ အိပ်ဆောင်၌ အိပ်ရာနေရာ ခင်းကျင်းနေရာချထားမှုများကိုလည်းကောင်း၊ စားရိပ်သာ၌ တည်ခင်းကျွေးမွေးမည့် အစီအစဉ်များနှင့် ဖျော်ဖြေရေးအတွက် ဆောင်ရွက်ထားရှိမှုများကို လည်းကောင်း၊ အမျိုးသားညီလာခံကိုယ်စားလှယ်များ အစုအဖွဲ့အလိုက် ဆွေးနွေးမည့် ဆွေးနွေးပွဲခန်းမများကို လည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး အမျိုးသား ညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားကာ ညနေပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ညီလာခံကိုယ်စားလှယ်များ၏ အိပ်ဆောင်များ ဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်၊ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီနှင့် အမျိုးသားညီလာခံ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး အမှတ်စဉ်(၂/၂၀၀၅)တွင် ရှင်းလင်း တင်ပြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီ ဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီနှင့် အမျိုးသား ညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်း ညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၂/၂၀၀၅)တွင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

၂၀၀၅ခုနှစ်(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ

နေ့ရက် – ၈-၂-၂၀၀၅ မှ ၁၆-၂-၂၀၀၅

အချိန် – နံနက် ၉း၀၀ နာရီမှ ညနေ ၁၇း၀၀ နာရီ

နေရာ – တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့

(မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုနိုင်ပါသည်။)

အမျိုးသားညီလာခံကြီး အောင်မြင်မှ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်လာမည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံပေါ်ထွန်းရေး နိုင်ငံသားတိုင်းတာဝန်ရှိ တစ်မျိုးသားလုံးပူးပေါင်းပါဝင်သည့် အမျိုးသားညီလာခံကြီးအား ဂုဏ်ပြုကြိုဆိုထောက်ခံ

ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနား ပဲခူးတိုင်း သနပ်ပင်မြို့နယ်၌ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၄

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်း အခမ်းအနားကို ယနေ့နံနက်စ နာရီတွင် ပဲခူးတိုင်း ပဲခူးခရိုင် သနပ်ပင်မြို့နယ် မင်းရွာစုံပြကျေးရွာရှိ အားကစားကွင်း၌ကျင်းပရာ ပဲခူးတိုင်း ပဲခူးခရိုင်နှင့် ပဲခူး၊ သနပ်ပင်၊ ကဝ၊ ဝေါ၊ ဒိုက်ဦး၊ ညောင်လေးပင်၊ ကျောက်တံခါးနှင့် ရွှေကျင်မြို့နယ်များမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ် တပ်ဖွဲ့ဝင်များ၊ သနပ်ပင်မြို့နယ်ရှိ ရပ်ကွက်နှင့် ကျေးရွာများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူးများ၊ အမှုဆောင်များနှင့်အသင်းဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၉၀၀၀ကျော် အင်တိုက်အားတိုက် တက်ရောက်ကြသည်။ (အောက်ပုံ)

အခမ်းအနားမစတင်မီ နံနက် ၆နာရီခွဲမှစတင်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများပါဝင်သော ဘုရင့်နောင်စစ်ကြောင်းနှင့် ဟံသာဝတီစစ်ကြောင်းတို့သည် တစ်ဖွန်းဆန်ဓမ္မာရုံကွင်း စုရပ်မှလည်းကောင်း၊ ဥသာစစ်ကြောင်းနှင့် ကေတုမတီစစ်ကြောင်းတို့သည် မင်းရွာ ပဲ့ထောင်ရေယာဉ်ဂိတ်စုရပ်မှလည်းကောင်း စုရုံးချီတက်ကြပြီး အခမ်းအနားကျင်းပမည့် အားကစားကွင်းအတွင်း သတ်မှတ်နေရာအသီးသီး၌ စနစ်တကျနေရာယူကြသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် ပဲခူးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးအောင်စိုးက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် သနပ်ပင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ငွေငွေ၊ သနပ်ပင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ခင်သိန်း၊ သနပ်ပင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဦးသန်းငွေနှင့် မင်းရွာစုံပြကျေးရွာမှ ရပ်မိရပ်ဖ ဦးအေးဝင်းတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် သနပ်ပင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ဝေဝေအောင်၊ တွဲဖက်အခမ်းအနားမှူးအဖြစ် သနပ်ပင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်သဲမြတ်ဝေတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားသို့ တက်ရောက်လာကြသူများက စင်မြင့်ထက်၌ လွှင့်တင်ထားသော ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

သက်သေအဖြစ်မြင်တွေ့နိုင်

ထို့နောက် သဘာပတိ ပဲခူးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်စိုးက အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံသည် ရှေးပဝေသဏီကတည်းက ကိုယ့်မင်းကိုယ့်ချင်းဖြင့် နေနိုင်ခဲ့ကြကြောင်း၊ စာပေ၊ဂီတ၊ ပန်းဆယ်မျိုးအနုပညာရပ်များ၊ ဗိသုကာ အတတ်စသည့် ယဉ်ကျေးမှုအစဉ်အလာသမိုင်း တောက်ပြောင်ခဲ့ကြောင်း၊ ပျို့၊ လင်္ကာ၊ ဘွဲ့များ၊ ပုဂံမြို့ရှိ စေတီပုထိုးများနှင့် မန္တလေးမြို့ဟောင်းတို့ကို သက်သေအဖြစ် မြင်တွေ့နိုင်ကြောင်း။

ကိုလိုနီနယ်ချဲ့တို့၏ ကျူးကျော်စစ်သုံးကြိမ်ဆင်နွှဲမှုကြောင့် မြန်မာတို့ ကျူးကျော်သူအင်္ဂလိပ်လက်အောက် နှစ် ၁၀၀ကျော် ကျွန်ဘဝကျရောက်ခဲ့ရကြောင်း၊သူ့ကျွန်ဘဝထက် သေသော်မှ ပိုမြတ်သည်ဟု ယူဆကြသည့် မျိုးချစ်တိုင်းရင်းသားများက ရရာလက်နက်စွဲကိုင်ပြီး တော်လှန်ခဲ့ကြကြောင်း၊ လွတ်လပ်ရေးကို အသက်၊သွေး၊ချွေးများစွာရင်းပြီး ရယူခဲ့ကြရကြောင်း၊ နယ်ချဲ့တို့၏ လူမျိုးချင်းသွေးခွဲ သပ်လျှိုပေးပြီး စည်းလုံးညီညွတ်မှုပြိုကွဲအောင် လုပ်ထားသည့် အချက်ကြောင့် ပင်လုံညီလာခံကြီး ဖြစ်ပေါ်လာရကြောင်း၊ တောင်ပေါ်မြေပြန့်နယ်နိမိတ်တစ်ခုလုံး အကျုံးဝင်သည့် ပြည်ထောင်စုမြန်မာနိုင်ငံလွတ်လပ်ရေးကို တိုင်းရင်းသားများ၏ ဆန္ဒဖြင့်ဆုံးဖြတ်ရယူခဲ့သည့် ညီလာခံဖြစ်သဖြင့် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ကို ပြည်ထောင်စုနေ့အဖြစ် သတ်မှတ်ပြီး နှစ်စဉ်အမျိုးသားရေးဦးတည်ချက်များချမှတ်ကာ ဆောင်ရွက်လျက်ရှိသည်ကို ဂုဏ်ပြုရခြင်းဖြစ်ကြောင်း။

ဒီမိုကရေစီနိုင်ငံတော်ကြီး

တပ်မတော်သည် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို တာဝန်ယူပြီးနောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် ၁၉၉၃ခုနှစ်တွင် အမျိုးသားညီလာခံကို–

- **ပြည်ထောင်စုမပြိုကွဲရေး၊**
- **တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊**
- **အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊**
- **စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေး၊**
- **နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့်ညီမျှခြင်းတည်း ဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေး၊**
- **အနာဂတ်နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး**

ဟူသော ဦးတည်ချက်များဖြင့် ကျင်းပပေးခဲ့ရာ နိုင်ငံတော်အရေးထက် ပုဂ္ဂလိကအရေး၊ ပါတီအရေးကို ဦးစားပေးသည့်အတွက် ၁၉၉၆ခုနှစ်တွင် အမျိုးသားညီလာခံကို ယာယီရပ်ဆိုင်းခဲ့ရကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်ချမှတ်ပြီး ၁၉၉၆ခုနှစ်က ယာယီရပ်ဆိုင်းထားခဲ့သည့် အမျိုးသားညီလာခံကြီးကို ၂၀၀၄ ခုနှစ် မေ ၁၇ ရက်တွင် ပြန်လည်ခေါ်ယူကျင်းပခဲ့ကြောင်း၊ အမျိုးသားညီလာခံကြီး အောင်မြင်ပါမှ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်လာမည်ဖြစ်ကြောင်း၊ယင်းသို့ ဖြစ်ပေါ်လာရေးအတွက် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြောင်း၊ သို့မှသာ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာမှာဖြစ်ကြောင်း။

နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်ရာ၌ အကြားအလပ်မရှိ ကွက်လပ်မကျန်ရေး အခြေခံမှုဖြင့် ဆောင်ရွက်နေသကဲ့သို့ နယ်စပ်ဒေသများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း၊ ကျေးလက်လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ ပညာရေး အဆင့်မြှင့်တင်ရေး၊ ကျန်းမာရေး စောင့်ရှောက်မှုမြှင့်တင်ရေး၊ စီးပွား ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်စေရေးစသည့် လုပ်ငန်းစဉ်များကို အဓိကထား ဆောင်ရွက်လျက်ရှိသကဲ့သို့ ကျေးလက်မီးလင်းရေးကိုလည်း ဆောင်ရွက်နေကြောင်း၊ ယနေ့ လူထုအစည်းအဝေးကြီးတွင် ပဲခူးခရိုင်အတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများနှင့် ဆက်လက်အကောင်အထည်ဖော်ရန် လျာထားသော လုပ်ငန်းများကို တင်ပြကြမည်ဖြစ်ကြောင်း။

တင်ပြဆွေးနွေး

နိဂုံးချုပ်အားဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတည်းဟူသော ဝိသေသထူးခြားသည့် ပြည်ထောင်စုနေ့ကြီးနှင့် တစ်မျိုးသားလုံးပူးပေါင်း ပါဝင်လျက်ရှိသည့် အမျိုးသားညီလာခံကြီးအား ဂုဏ်ပြုကြိုဆိုထောက်ခံခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ခြင်းတို့ကို တင်ပြဆွေးနွေးကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

(၅၈)နှစ်ပြည့်မြောက်

ဆက်လက်၍ ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့်စပ်လျဉ်း၍ သနပ်ပင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးကိုကိုက တင်ပြရာတွင် မိမိတို့ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ပြည်ထောင်စုဖွားတိုင်းရင်းသားများဖြစ်ကြသော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း အပါအဝင် တိုင်းရင်းသားလူမျိုး ၁၀၀ကျော်ဖြင့် စုစည်းတည်ထောင်ထားသည့် နိုင်ငံတော်ဖြစ်ကြောင်း၊ တိုင်းရင်းသားအားလုံးတို့သည် နယ်ချဲ့တို့၏ ကျွန်ဘဝမှ လွတ်မြောက်ရန် နိုင်ငံအဝန်းတက်တက်ကြွကြွ စည်းရုံးလှုပ်ရှားခဲ့ကြကြောင်း၊ နယ်ချဲ့တို့၏ ကောက်ကျစ်စဉ်းလဲသည့် သွေးခွဲသပ်လျှိုမှုအမျိုးမျိုးကို ရိုက်ချိုးဆန့်ကျင်လျက် ထက်မြက်ရှင်သန်သော ဇာတိမာန်၊ မျိုးချစ်စိတ်ဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုအားကို ကျစ်လျစ်သိပ်သည်းစွာ တည်ဆောက်ခဲ့ကြကြောင်း၊ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့၏ ညီညွတ်မှုအင်အားသည် ပြည်ထောင်စုနေ့ကို မွေးဖွားရှင်သန်စေခဲ့ကြောင်း၊ ၁၉၄၇ခုနှစ် ပင်လုံစာချုပ် ချုပ်ဆိုခဲ့သည့် ဖေဖော်ဝါရီ ၁၂ရက်နေ့ကို အစွဲပြုပြီး ပြည်ထောင်စုနေ့ဟု သတ်မှတ်ခဲ့ကြောင်း၊ ပြည်ထောင်စုနေ့ အထိမ်းအမှတ်အခမ်းအနားများကို နိုင်ငံရေးအနှစ်သာရရှိရှိဖြင့် နှစ်စဉ်ကျင်းပခဲ့သည်မှာ (၅၈)နှစ် ပြည့်မြောက်တော့မည်ဖြစ်ကြောင်း။

၂၀၀၅ ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များအဖြစ် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စု တိုင်းရင်းသားအားလုံးစောင့်ထိန်းကာကွယ်ရေး၊ တိုင်းရင်းသား ပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသား အားလုံးက တက်ညီလက်ညီကာကွယ်ထိန်းသိမ်းရေး၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့်ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇) ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စု တိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေးဟူသော ဦးတည်ချက်များကို ချမှတ်ထားကြောင်း။

စောင့်ထိန်းကာကွယ်

ယနေ့နိုင်ငံတော်၌ အမျိုးသားရေးမူဝါဒအဖြစ် ချမှတ်ထားသည့် ဒို့တာဝန် အရေးသုံးပါးသည် အလွန်မှန်ကန်လေးနက်သည့် တာဝန်များ ဖြစ်ကြောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးအတွက် ယခုရော နောင်ကာလအတွက်ပါ ပဓာနကျသည့် မလွဲမသွေ ထိန်းသိမ်းဖော်ဆောင်နေရမည့် တစ်မျိုးသားလုံးနှင့်ဆိုင်သော အမျိုးသားနိုင်ငံရေးအနှစ်သာရများ ပြည့်လျှမ်းစွာပါဝင်နေသည်ကို သိသာနိုင်ကြောင်း၊ ထိုတာဝန်များ ကျေပွန်အောင်မြင်ရန် တိုင်းရင်းသားအားလုံးတို့က ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် အမျိုးသားရေးမူဝါဒကို စောင့်ထိန်းကာကွယ်ရမည်ဖြစ်ကြောင်း။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွက် ပြည်ထောင်စုစိတ်ဓာတ်သည် အလွန်အရေးကြီးလှကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသားညီအစ်ကိုများအားလုံး ဥမကွဲသိုက်မပျက် နေထိုင်ကြပါမည်ဟူသော သန္နိဋ္ဌာန်ဖြင့် ချုပ်ဆိုခဲ့သော ပင်လုံစာချုပ်သည် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးအတွက် အုတ်မြစ်ဖြစ်ခဲ့ကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ နှစ်ပရိစ္ဆေဒ ရှည်လျားစွာ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊ တစ်အူထုံ့ဆင်း တိုင်းရင်းသား လူမျိုးအချင်းချင်း မရှိအတူ ရှိအတူ၊ အေးအတူပူအမျှ ခင်မင်ရင်းနှီးစွာ ပူးပေါင်းနေထိုင်လိုသည့် တစည်းတလုံးတည်းသော မျိုးချစ်စိတ်ဓာတ်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုစိတ်ဓာတ် ပျက်ပြယ်လာသည်နှင့်အမျှ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပြိုကွဲပြီး အချုပ်အခြာအာဏာပါ ဆုံးရှုံးနိုင်ကြောင်း၊ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေးကို ဦးတည်ထားပြီး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပင်လုံညီလာခံတွင် တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုကို အခိုင်အမာဖော်ပြနိုင်ခဲ့သဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် အချုပ်အခြာ အာဏာပိုင်သည့် လွတ်လပ်သောနိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့ကြောင်း၊ နိုင်ငံတော်၏ အတိတ်သမိုင်းကြောင်းကို ပြန်လည်သုံးသပ်ကြည့်လျှင် ပြည်ထောင်စုကြီး မပြိုကွဲရေးအတွက် နိုင်ငံတော်အတွင်း အရေးကြုံတိုင်း နိုင်ငံတော်ဦးဆောင်မှု အခန်းကဏ္ဍကို တပ်မတော်က တာဝန်ယူဆောင်ရွက်ခဲ့သည်ကို တွေ့ရကြောင်း၊ ရရှိပြီးသော လွတ်လပ်ရေးမဆုံးရှုံးစေရေးနှင့် ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တပ်မတော်နှင့်အတူ လက်တွဲပြီး တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းကြရမည်ဖြစ်ကြောင်း။

စာမျက်နှာ ၆ ကော်လံ ၁ သို့

အမျိုးသားရေးမူဝါဒအဖြစ်ချမှတ်ထားသည့် ဒို့တာဝန်အရေးသုံးပါးသည် အလွန်မှန်ကန်လေးနက် တစ်မျိုးသားလုံးနှင့်ဆိုင်သော အမျိုးသားနိုင်ငံရေးအနှစ်သာရများ ပြည့်လျှမ်းစွာပါဝင်

စာမျက်နှာ ၅ မှ

ဝိုင်းဝန်းဖော်ဆောင်

မိမိတို့အားလုံး၏ ပန်းတိုင်မှာ မိမိတို့ချစ်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီးအဖြစ် ရောက်ရှိအောင် ပြည်သူအားလုံးနှင့်လက်တွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်ရေးပင်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ဤရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိအောင် အကောင်အထည်ဖော်နိုင်ရန် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ထားရှိရာတွင် မိမိတို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနှင့်အတူ ပြည်သူများက လက်တွဲပြီး ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်၊ ပင်လုံစိတ်ဓာတ်(သို့)ပြည်ထောင်စုစိတ်ဓာတ်များ မှတ်ကျောက်တင်ရာ ပင်လုံဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးက ကြီးမှူး၍ ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ပင်လုံမြို့ကျောက်တိုင်ကွင်း၌ ၂၅-၃-၂၀၀၂ ရက်နေ့တွင် ကျင်းပခဲ့သည့် အခမ်းအနား၌ ပင်လုံသန္နိဋ္ဌာန် သုံးရပ်ကို ချမှတ်ခဲ့ကြောင်း။

မိမိတို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီးအနေဖြင့် ပင်လုံအဓိဋ္ဌာန်သုံးရပ်ကို စွဲမြဲစွာ ခံယူကျင့်သုံးပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ခိုင်ခိုင်မာမာ ရပ်တည်နိုင်ရေးအတွက် အခြေခံအုတ်မြစ်သဖွယ် ဖြစ်သည့် **'ပြည်ထောင်စုနေ့'**ကို ဂုဏ်ပြုအပ်ပါကြောင်းဖြင့် တင်ပြသွားသည်။

အောင်မြင်ခြင်းနှင့်အတူပေါ်ပေါက်လာမည်

ယင်းနောက် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်း၍ ပဲခူးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်မိုးမိုးခိုင်က တင်ပြရာတွင် ၁၉၉၆ခုနှစ်က ယာယီရပ်ဆိုင်းထားခဲ့သည့် အမျိုးသားညီလာခံကြီးကို ၂၀၀၄ခုနှစ် မေလ ၁၇ရက်နေ့က စတင်ပြီး ပြန်လည်ကျင်းပခဲ့ပါကြောင်း၊ ယခု ဖေဖော်ဝါရီလအတွင်းတွင် ဆက်လက်ကျင်းပတော့မည်ဖြစ်သကဲ့သို့ နိုင်ငံတော်အတွက် အသက်သွေးကြောသဖွယ်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေကြီးသည်လည်း ဤအမျိုးသားညီလာခံကြီး အောင်မြင်ခြင်းနှင့်အတူ ပေါ်ပေါက်လာမည်ဖြစ်ကြောင်း။

မိမိတို့ နိုင်ငံတော်ကြီး အဓွန့်ရှည် တည်တံ့ခိုင်မြဲပြီး ပြည်ထောင်စုမပြိုကွဲရေးအတွက် ကြုံတွေ့ခဲ့ရသည့် သမိုင်းကြောင်းများကို သင်ခန်းစာယူပြီး တပ်မတော်အစိုးရအနေဖြင့် ခိုင်မာသည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဖြစ်စေရန် အားနည်းချက်များ မပါရှိအောင် အမျိုးသားညီလာခံကြီး၌ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးချယ်တင်မြှောက်ခြင်းခံရသော ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ၊ ဥပဒေဘောင်အတွင်းဝင်ရောက်လာကြသည့် တိုင်းရင်းသား ခေါင်းဆောင်များပါ စုံစုံညီညီ တက်ရောက်ဆွေးနွေး အကြံပြုစေပြီး တိုင်းရင်းသားပြည်သူများအကျိုးကို ဖော်ဆောင်နိုင်မည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို စနစ်တကျ ရေးဆွဲနေကြပြီ ဖြစ်ကြောင်း၊ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌက အမျိုးသားညီလာခံကြီး၏ အဓိကအကျဆုံး ရည်ရွယ်ချက်မှာ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို အစွမ်းဆောင်နိုင်ဆုံးနည်းနှင့်ဖော်ဆောင်ပေးရေးပင်ဖြစ်ကြောင်း ထုတ်ဖော် ပြောကြားသည်။

ဦးတည်ချက်ခြောက်ရပ်ဖော်ညွှန်း

နိုင်ငံတော်အခြေခံမူများကို စဉ်းစားရာ၌ မြန်မာနိုင်ငံ၏ သဘာဝအနေအထားဖြစ်ပေါ်ခဲ့သည့် သမိုင်းကြောင်း၊ လက်ရှိဖြစ်ပေါ်နေသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ တိုင်းရင်းသားများရောနှောနေထိုင်မှု အနေအထား၊ သယံဇာတပစ္စည်းများ အစရှိသော အခြေအနေအရပ်ရပ်နှင့် လိုက်လျောညီထွေရှိပြီး အနာဂတ်ကာလတွင် နိုင်ငံတော်ပိုမိုစည်ပင်အေးချမ်းသာယာပြီး တည်ငြိမ်မှုရရှိရေးတို့အတွက် ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ရန် လိုအပ်ကြောင်း၊ ထိုသို့ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးအတွက် အခြေခံမူများ ချမှတ်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်အစိုးရက ဦးတည်ချက်ခြောက်ရပ်ကို ဖော်ညွှန်းပေးခဲ့ကြောင်း။

ပြည်သူအားလုံးမျက်မြင်

တပ်မတော်အစိုးရအနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်(၁၂)ရပ်ချမှတ်ပြီး တရားဥပဒေစိုးမိုးမှုရှိစေရေးအပြင် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှု ရရှိစေရေးအတွက် ဆောင်ရွက်နိုင်ခဲ့သကဲ့သို့ ဥပဒေဘောင်အတွင်းဝင်ရောက်ခဲ့ကြသော အဖွဲ့အစည်းများနှင့် နှစ်ဦးနှစ်ဖက် ယုံကြည်မှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် ဒေသဖွံ့ဖြိုးရေးနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်းကို ပြည်သူအားလုံး မျက်မြင်ပင်ဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီး၏ အရေးပါမှုနှင့်စပ်လျဉ်းပြီး နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ၁၉၉၆ ခုနှစ် စက်တင်ဘာ ၁၅ ရက်က မိန့်ကြားရာတွင် "ဒို့နိုင်ငံမှာ တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု ဖြစ်ထွန်းရေးအခြေခံပေါ်မှာ ဒို့ရဲ့သွေးချင်းသားချင်း တိုင်းရင်းသားလူမျိုးများ စည်းလုံးညီညွတ်မှုကို အခိုင်မာဆုံးဖြစ်အောင် တည်ဆောက်ကြရမယ်။ ဒို့နိုင်ငံရဲ့ အနာဂတ်လမ်းခရီး ဖြောင့်ဖြူးဖို့ နိုင်ငံတော်ဟာ ဆက်လက်ပြီး ငြိမ်းချမ်းသာယာမှုရှိသွားတာနဲ့အတူ ဖွံ့ဖြိုးတိုးတက်မှုလည်း ထပ်ကြပ်မကွာ ဖြစ်ပေါ်သွားအောင်ဆိုရင် တိုင်းရင်းသားလူမျိုးအားလုံး အလေးထားပြီး လိုက်နာကျင့်သုံးရမယ့် အခြေခံ ဥပဒေရှိဖို့လိုအပ်တယ်။ ဒါကြောင့် ခိုင်မာတဲ့ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကြီး ဖြစ်ပေါ်လာအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်တယ်။ အမျိုးသားညီလာခံကြီး ချောချောမောမောနှင့် အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ခြင်းဟာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ် ပေါက်ရေးအတွက် အဓိကကျသော အကြောင်းရင်းပဲဖြစ်တယ်"ဟု မိန့်ကြားခဲ့ကြောင်း။

သဘာပတိ ပဲခူး ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူးဦးအောင်စိုးက အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

၁၀-၉-၂၀၀၃ ရက်တွင် ကျင်းပခဲ့သည့် ပဲခူးတိုင်း လူထုအစည်းအဝေးပွဲကြီး၌ အမျိုးသားညီလာခံသည် အနာဂတ်နိုင်ငံတော်ကို ဒီမိုကရေစီနိုင်ငံတော်အဖြစ်ပုံဖော်နိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ရေးဆွဲနိုင်ရေးအတွက် လိုအပ်သည့်အခြေခံမူများကို ဆွေးနွေးအဖြေဖော်ထုတ်နေကြောင်း၊ အမျိုးသားညီလာခံ အောင်မြင်ရေး၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေပေါ်ပေါက်ရေးတို့သည် အရေးကြီးဆုံးလိုအပ်ချက်ဖြစ်ကြောင်းနှင့် အမျိုးသားညီလာခံ အောင်မြင်ပါမှညီလာခံကရရှိသည့် အခြေခံမူများကို အသုံးပြုပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကြီး ရေးဆွဲနိုင်မည်ဖြစ်ကြောင်း တင်ပြခဲ့ပြီးဖြစ်ကြောင်း။

ယခုဆိုလျှင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ထဲက ပထမအဆင့်ဖြစ်သည့် ၁၉၉၆ ခုနှစ်က ရပ်နားထားသော အမျိုးသားညီလာခံကြီးကို ဦးတည်ချက်ခြောက်ရပ်နှင့်အညီ ၂၀၀၄ခုနှစ် မေ၁၇ရက်မှ ဇူလိုင် ၉ ရက်အထိကျင်းပခဲ့ကြောင်း။

ခေတ်မီနိုင်ငံတော်တည်ဆောက်

နိဂုံးချုပ်တင်ပြလိုသည်မှာ အမျိုးသားညီလာခံကြီးသည် နိုင်ငံတော်အတွက် ပြည်သူများကိုယ်စား အခြေခံဥပဒေကို မွေးဖွားပေးမည်ဖြစ်ပြီး ဖြစ်ပေါ်လာမည့် အခြေခံဥပဒေကြီးနှင့်အတူ ပြည်သူတို့ လိုလားတောင့်တနေသော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် တည်ဆောက်ကြရမည်ဖြစ်ကြောင်း၊ အနာဂတ်နိုင်ငံတော်အဓွန့်ရှည် တည်တံ့နိုင်ရေးအတွက် မိမိတို့ကျရာ အခန်းကဏ္ဍကနေ ပါဝင်ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်ရင်း လာမည့်ပြည်ထောင်စုနေ့အလွန်တွင် ဆက်လက်ကျင်းပမည့် အမျိုးသားညီလာခံကြီးကို ကြိုဆိုထောက်ခံလိုက်ရပါကြောင်းဖြင့် တင်ပြသွားသည်။

ပဲခူးခရိုင်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများနှင့်စပ်လျဉ်း၍ ပဲခူးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးကျော်ထွေးဦးက ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ကွာဟမှုမရှိရေး

ဆက်လက်၍ ပဲခူးခရိုင်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ပဲခူးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးကျော်ထွေးဦးက တင်ပြရာတွင် ယနေ့နိုင်ငံတော်အစိုးရအနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းရေးအတွက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်(၁၂)ရပ်ကိုချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုအခါ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို တိကျထိရောက်စွာ အကောင်အထည်ဖော်လျက်ရှိကြောင်း၊ နိုင်ငံတော်အတွင်း နေထိုင်ကြသော ပြည်သူများအတွင်း မြို့ပြနေ လူဦးရေထက် ကျေးလက်နေ လူဦးရေသည် ပိုမိုများပြားကာ ၇၀ ရာခိုင်နှုန်းကျော်ရှိကြောင်း။

ထို့ကြောင့်လည်း နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်နှင့် ကျေးလက်မီးလင်းရေးကို အကောင်အထည်ဖော် ဆောင်ရွက်ရန် လမ်းညွှန်ချမှတ်ခဲ့ကြောင်း၊ ဤကဲ့သို့ ချမှတ်ခဲ့ရခြင်းမှာ ကျေးလက်နှင့် မြို့ပြလူနေမှု အဆင့်အတန်း နည်းနိုင်သမျှ ကွာဟမှု နည်းစေရေးအတွက် ဆောင်ရွက်အကောင်အထည်ဖော်ခြင်းပင် ဖြစ်ကြောင်း။

မျက်ဝါးထင်ထင်မြင်ရမည်

ပထမဦးစွာ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးကို တင်ပြသွားမှာဖြစ်ကြောင်း၊ ပဲခူးခရိုင်အတွင်းရှိ မြို့နယ်များတွင် မြေသားလမ်း ၁၃၅ မိုင်၊ ဂဝံလမ်း ၈၇မိုင်၊ ကျောက်ခင်းလမ်း ၂၂မိုင်တို့ကို အကောင်အထည် ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ တံတားပေါင်း ၂၁ခုကို ငွေကျပ် ၆၃သိန်း အကုန်အကျခံကာ ပြည်သူလူထုအားနှင့်ပါ စည်းရုံးဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ယခု အခမ်းအနားကျင်းပရာ သနပ်ပင်မြို့နယ်တွင်ပင် အရှည် ၂၂၃ ပေရှိ အုတ်ခုံသစ်သားတံတားကို ပြည်သူ ထည့်ဝင်ငွေ ကျပ်သိန်း ၆၀နှင့် အသင်းမှ ထည့်ဝင်ငွေကျပ် ၁၅ သိန်း စုစုပေါင်းငွေကျပ် ၇၅သိန်း အကုန်အကျခံ တည်ဆောက်နိုင်ခဲ့သဖြင့် မင်းရွာ-ကုက္ကိုတန်းတံတားမှာ ကျေးရွာပေါင်း ၂၀ရှိ လူဦးရေ ၄၀၀၀၀ ကျော်အတွက် အသုံးပြုနေသည့်လမ်းအဖြစ် မျက်ဝါးထင်ထင် တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

ထို့ပြင် မင်းရွာ-ကျောင်းစုတံတားကိုလည်း စည်ပင်သာယာရေးအဖွဲ့က တည်ဆောက်ခဲ့ရာ သနပ်ပင်မြို့နယ် အရှေ့ခြမ်းရှိ ကျေးရွာပေါင်း ၂၀ ကျော်မှ ပြည်သူများသွားလာမှုလွယ်ကူစေခဲ့ကြောင်း၊ လမ်းအနေဖြင့် သနပ်ပင်-ခရမ်း-မင်းရွာ ဂဝံလမ်းကို ဖောက်လုပ်ပြီးဖြစ်သည့်အတွက် ကျေးရွာများ၏ စီးပွားရေး၊ကျန်းမာရေး၊ ပညာရေးများ တိုးတက်ကောင်းမွန်စေခဲ့ကြောင်း၊ သနပ်ပင်မြို့အနောက်ခြမ်းကို ကြည့်လျှင် ပဲခူး-ကျိုက်ပဒိုင်ကြီး-ရေတံခါးတာဝ-ပိုင်ကျုံလမ်းကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ဆက်သွယ်ရေးအနေဖြင့် သနပ်ပင်မြို့နယ်တွင် မင်းရွာကျေးရွာ၊ ကျိုက်ပဒိုင်ကြီးကျေးရွာများ၌ လက်လှည့်တယ်လီဖုန်းများတပ်ဆင်နိုင်ခဲ့၍ ပြည်သူများအချိန်နှင့်တစ်ပြေးညီ ဆက်သွယ်အသုံးပြုနိုင်နေပြီဖြစ်ကြောင်း၊ ယခုဟေမာန်ဦးရာသီမှာပင် နိုင်ငံတော်က ပဲခူးမြို့နယ် သံစို့ပင်ကျေးရွာ၌ ငွေကျပ်သိန်း ၁၂၀ အကုန်အကျခံကာ မြေသားလမ်းဖောက်လုပ်ခြင်း၊ ကဝမြို့နယ် ခမေကြီးကျေးရွာ၌ ငွေကျပ် ရှစ်သိန်း တန်ဖိုးရှိ သစ်သားတံတားဆောက်လုပ်ခြင်း၊ သနပ်ပင်မြို့နယ် ဖရဲကျေးရွာ၌ ငွေကျပ် ၁၀ သိန်းတန်ဖိုးရှိ ချောင်းကူးတံတား တည်ဆောက်ခြင်း၊ ကျောက်တံခါးမြို့နယ် မီးတိုင်တောကျေးရွာ၌ ငွေကျပ် ၁၀သိန်းတန်ဖိုးရှိ အုတ်ခုံသစ်သားတံတားတည်ဆောက်ရန် လျာထားလျက်ရှိကြောင်း။

ဆက်လက်ပြီး ရေရရှိရေးနှင့်ပတ်သက်၍ တင်ပြသွားမည်ဖြစ်ကြောင်း၊ ပဲခူးခရိုင်အတွင်းရှိ ကျေးရွာများမှာ စက်ရေတွင်း ၁၆တွင်း၊ သောက်သုံးရေကန် ၁၂၆ ကန်တို့အား တူးဖော်ခြင်း၊ ပြုပြင်ခြင်းများကို ကျေးရွာပြည်သူလူထုနှင့် ပူးပေါင်းကာ ဆောင်ရွက်အကောင်အထည်ဖော်နိုင်ခဲ့ကြောင်း၊ လျာထားချက်များအနေဖြင့်လည်း စက်ရေတွင်းနှင့် သောက်သုံးရေကန်များ ဆက်လက်တူးဖော်ပြုပြင်ရန် စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း။

ပြည်သူနှင့်ပူးပေါင်းဆောင်ရွက်နိုင်

ပညာရေးကဏ္ဍအနေဖြင့် ပဲခူးမြို့နယ်၌ ကျောင်းပေါင်းခြောက်ကျောင်း၊ သနပ်ပင်မြို့နယ်၌ လေးကျောင်း၊ ကဝမြို့နယ်၌ သုံးကျောင်းနှင့် ခရိုင်အတွင်းရှိ အခြားမြို့နယ်များတွင်လည်း ကျောင်းပေါင်း ၁၇ ကျောင်းတို့ကို ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်း၊ပြုပြင်ခြင်း၊ သင်ထောက်ကူပစ္စည်းများ လှူဒါန်းခြင်း၊ မူလတန်းလွန်ကျောင်းများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ ပညာရည်ချွန်ဆုပေးပွဲများပြုလုပ်ခြင်း၊ ကျောင်းနေအရွယ် ကလေးများ ကျောင်းနေနိုင်ရေးတို့ကို ကျေးရွာနေ ပြည်သူများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း။

သနပ်ပင်မြို့နယ်အနေဖြင့် မြို့နယ်အထကတွင် ရွှေရတုအထိမ်းအမှတ် စာကြည့်တိုက်တစ်ခု၊ မင်းရွာအထကတွင် သင်ထောက်ကူခန်းမအတွက် ငွေကျပ်နှစ်သိန်း၊ ကျိုက်ပဒိုင်ကြီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ စာသင်ဆောင် ဆောက်လုပ်ခြင်းတို့ကို ပြုလုပ်နိုင်ခဲ့ပြီး ကျေးရွာ ၃၃ ရွာရှိ စာသင်ကျောင်း ၄၂ ကျောင်းကို ငွေကျပ် ၇၂၃၆၉၅ တန်ဖိုးရှိ စာရေးကိရိယာများ လှူဒါန်းနိုင်ခဲ့ကြောင်း။

အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်း၍ ပဲခူးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်မိုးမိုးခိုင်က ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

စိုက်ကေတိုးချဲ့နိုင်

ကျန်းမာရေးကဏ္ဍအနေဖြင့် ခရိုင်အတွင်းရှိ မြို့နယ်ရှစ်မြို့နယ်၌ တိုက်နယ်ဆေးရုံ ရှစ်ရုံပြုပြင်ခြင်း၊ ကျေးလက်ကျန်းမာရေးဆေးခန်း ၁၇ခုပြုပြင်ခြင်း၊ ကျေးလက်ဆေးပေးခန်းအသစ် ၁၁ခု တည်ဆောက်ခြင်းတို့အား ငွေကျပ် ၇၂ သိန်း အကုန်အကျခံကာ ကျေးလက်ကျန်းမာရေးဝန်ထမ်းများ၊ ကျေးရွာနေပြည်သူများဖြင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ကျေးလက်နေပြည်သူများ ဝင်ငွေတိုးပွားစေရေးအတွက် ဒေသနှင့်ကိုက်ညီသောသီးနှံများ ပိုမိုစိုက်ပျိုးနိုင်ရေးနှင့် အထွက်ကောင်းမွန်ရေးအတွက် မျိုးကောင်းမျိုးသန့်များ ရရှိနိုင်ရေးကိုလည်း သက်ဆိုင်ရာစိုက်ပျိုးရေးဌာနနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ ထို့ပြင် နိုင်ငံတော်အစိုးရကလည်း ကဝမြို့နယ်၌ ပိုင်ကျုံရေထိန်းတံခါး၊ သနပ်ပင်မြို့နယ် တာဝရေထိန်းတံခါး၊ ဝေါမြို့နယ် ဗွဲဘတ်ရေထိန်းတံခါး၊ ပဲခူးမြို့နယ်၌ မိုးယွန်းကြီးဆည်တို့ကို တိုးချဲ့ပြုပြင်ခြင်း၊ အသစ်တည်ဆောက်ခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ ဤသို့ ဆောင်ရွက်မှုတို့ကြောင့် ပဲခူးခရိုင်အတွင်းမှာ နွေစပါး၊ မိုးစပါး၊ ဆောင်းသီးနှံနှင့် ပဲမျိုးစုံစိုက်ကေများ တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ကြောင်း။

စာမျက်နှာ ၇ ကော်လံ ၁

စာမျက်နှာ ၆ မှ

ဆက်လက်ပြီး ကျေးလက်မီးလင်းရေးကဏ္ဍကို တင်ပြရမည်ဆိုလျှင် ကျေးလက်မီးလင်းရေးအတွက်အသင်းမှ မတည်ထောက်ပံ့ငွေ ကျပ်သိန်း ၈၀ နှင့် ဇီဝဓာတ်ငွေ့သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံများတည်ဆောက်ခဲ့ရာ ယခုအခါ၌ ညောင်လေးပင်မြို့နယ် ဗိုင်းဒါးဝဲဝန်းကျေးရွာ၊ ဒိုက်ဦးမြို့နယ် သုံးခွကျေးရွာ၊ သနပ်ပင်မြို့နယ် ကမာစဲကျေးရွာ၊ ကဝမြို့နယ် အလယ်ရွာတို့၌ တည်ဆောက်ပြီးစီးကာ လျှပ်စစ်မီးများ ပေးဝေနိုင်ပြီးဖြစ်ပါကြောင်း၊ ယခုဟေမာန်ဦး ရာသီအတွင်းမှာပင် ကီလိုဝပ် ၅၀ ထုတ်လုပ်နိုင်မည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများကို ကျောက်တံခါးမြို့နယ် ညောင်ပင်သာကျေးရွာ၊ ရွှေကျင်မြို့နယ် ကွင်းဆိပ်ကျေးရွာ၊ဝေါမြို့နယ် နောင်ပတ္တရာကျေးရွာတို့တွင် လျှပ်စစ်မီးရရှိနိုင်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ဇီဝဓာတ်ငွေ့သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်နိုင်သည့်အတွက်လည်း ခရိုင်အတွင်းရှိ ကျေးလက်နေ အိမ်ခြေပေါင်း ၈၅၆၄ အိမ် မီးလင်းနေပြီး လူနေမှုဘဝမြင့်မားမှု အကျိုးကျေးဇူးများ ခံစားနေရပြီဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် တင်ပြလိုသည်မှာ လာမည့် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုကို ပြသသည့် ပြည်ထောင်စုနေ့နှင့်နိုင်ငံတော်အတွက် အလွန်အရေးကြီးသည့် အမျိုးသားညီလာခံကြီးတို့အား ကြိုဆိုဂုဏ်ပြုခြင်းအားဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြသွားသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် ပဲခူးခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးကျော်ကျော်နိုင်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်၏ ဆောင်ရွက်မှုများဖြစ်သည့် ကျေးလက်ဒေသ

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် စပ်လျဉ်း၍ သနပ်ပင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးကိုကိုက ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်း၊ အမျိုးသားညီလာခံအားကြိုဆိုထောက်ခံခြင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ သနပ်ပင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင်ဒေါ်ရွှေစုက ထောက်ခံဆွေးနွေးစဉ်။

(သတင်းစဉ်)

ရေရရှိရေးလုပ်ငန်း ဆောင်ရွက်မှုမှတ်တမ်းများကို သနပ်ပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးမြင့်ဝေသို့လည်းကောင်း၊ ပညာရေးလုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းများကို သနပ်ပင်မြို့နယ်ပညာရေးမှူး ဦးကျော်ဝင်းသို့လည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သိန်း၈၀ကို မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများကိုယ်စား သနပ်ပင်မြို့နယ်အသင်း အတွင်းရေးမှူး ဦးဖိုးဇော်သို့လည်းကောင်း လွှဲပြောင်းပေးအပ်သည်။

ထောက်ခံဆွေးနွေး

ယင်းနောက် သနပ်ပင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ရွှေစုက ကိုယ်စားလှယ်သုံးဦးတို့ တင်ပြသွားသော ပြည်ထောင်စုနေ့ ဂုဏ်ပြုခြင်းတင်ပြချက်၊ အမျိုးသားညီလာခံအားကြိုဆိုထောက်ခံခြင်းတင်ပြချက်နှင့် ပဲခူးခရိုင်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများ တင်ပြချက်အပေါ် ထောက်ခံဆွေးနွေးသွားသည်။

အတည်ပြုဆုံးဖြတ်

ဆက်လက်၍ သဘာပတိက အခမ်းအနားသို့တက်ရောက်လာကြသော ပြည်သူလူထုကြီး၏ ဆန္ဒသဘောထားကိုရယူရာ သဘောတူကြောင်း တစ်ခဲနက်ဆန္ဒပြုကြသည့်အတွက် ပြည်ထောင်စုနေ့ကို အလေးအနက်ဂုဏ်ပြုကြောင်း၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်းနှင့် ခရိုင်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ဆောင်ရွက်ချက်များကို ကြိုဆိုထောက်ခံကြောင်းတို့ကို အစည်းအဝေးကြီးက အတည်ပြုဆုံးဖြတ်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်မောင်မယ်များက **'ရာသက်ပန်ပြည်ထောင်စု'** သီချင်းကို ဂုဏ်ပြုသီဆိုကြသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်သူလူထုကြီးက ကြွေးကြော်သံများကို တစ်ခဲနက် ကြွေးကြော်ကြပြီး နံနက် ၉နာရီတွင် အခမ်းအနား အောင်မြင်စွာကျင်းပပြီးစီးသွားသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအားကြိုဆိုထောက်ခံခြင်းအခမ်းအနား မန္တလေးခရိုင် အမရပူရမြို့နယ် ရေကြည်ပေါက်ကျေးရွာ၌ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၄

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနားကို ယနေ့နံနက် ၇နာရီမိနစ် ၅၀တွင် မန္တလေးတိုင်း မန္တလေးခရိုင် အမရပူရမြို့နယ် ရေကြည်ပေါက်ကျေးရွာ၌ကျင်းပရာ အခမ်းအနားသို့ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့်အလုပ်အမှုဆောင်များ၊ မန္တလေးခရိုင်အတွင်းရှိ အောင်မြေသာစံ၊ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ ပြည်ကြီးတံခွန်၊ ချမ်းမြသာစည်၊ အမရပူရ၊ ပုသိမ်ကြီးမြို့နယ်တို့မှ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စုများမှစည်းရုံးရေးမှူးများ၊ အမှုဆောင်များ၊ အသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများ အင်အား ၁၂၅၀၀ ကျော်တက်ရောက်ကြသည်။ (အပေါ်ပုံ)

အခမ်းအနားတွင် သဘာဝတိအဖြစ် မန္တလေးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသောင်းဝေက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် အမရပူရမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်လှလှဌေး၊ အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်မြမြအောင်၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် ရပ်မိရပ်ဖဦးသန်းဆွေတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမရပူရမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင်ဒေါ်နှင်းရွှေစင်ကလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူးအဖြစ် အမရပူရမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင် ဒေါ်မေသူဇာဝင်းကလည်းကောင်း ဆောင်ရွက်ကြသည်။

နိုင်ငံတော်အလံအလေးပြု

ရှေးဦးစွာ အခမ်းအနားမှူးက အခမ်းအနားစတင်ကြောင်း ကြေညာပြီး အခမ်းအနားတက်ရောက်လာကြသူများက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

ထို့နောက် သဘာပတိ မန္တလေးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသောင်းဝေက အမှာစကားပြောကြားသည်။

တင်ပြဆွေးနွေး

ဆက်လက်၍ ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်းနှင့်စပ်လျဉ်း၍ မန္တလေးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ဝေဝေမြစိုးကလည်းကောင်း၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်း၍ ပြည်ကြီးတံခွန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း မြို့နယ် အလုပ်အမှုဆောင် ဦးမောင်မောင်အေးကလည်းကောင်း၊ မန္တလေးခရိုင်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ မန္တလေးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဦးသန်းထွန်းဦးကလည်းကောင်း တင်ပြဆွေးနွေးကြပြီး တင်ပြချက်များအပေါ် အောင်မြေသာစံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမျိုးမြင့်က ထောက်ခံဆွေးနွေးသည်။

ယင်းနောက် သဘာပတိက အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်သူလူထုကြီး၏ အတည်ပြုချက်ကိုရယူပြီး အခမ်းအနားကို ကြွေးကြော်သံများဖြင့် အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုနေ့ကိုဂုဏ်ပြု ရေဒီယိုအသံလွှင့်ဇာတ်လမ်း ထုတ်လွှင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၄

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မောင်ဂဝံ၏ ဝတ္ထုဇာတ်ညွှန်းကို ယဉ်ယဉ်လှ စီစဉ် ထုတ်လွှင့်သည့် **'သွေးချင်းတို့ရဲ့ နှလုံးသားသစ္စာ'** ရေဒီယိုအသံလွှင့် ဇာတ်လမ်းကို ဖေဖော်ဝါရီ ၆ ရက် တနင်္ဂနွေနေ့ ည၇နာရီ ၁၅ မိနစ်တွင် ထုတ်လွှင့်မည်ဖြစ်သည်။ အဆိုပါ အသံလွှင့်ဇာတ်လမ်း၌ ရုပ်ရှင်သရုပ်ဆောင်များဖြစ်ကြသည့် ဥက္ကာမင်းမောင်၊ မေကဗျာ၊ စိုင်းကျော်စွာနှင့် မြန်မာ့အသံဝန်ထမ်းများ ပါဝင်သရုပ်ဆောင်ထားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ်ပြပွဲ ခင်းကျင်းပြသရန် တပ်မတော်စစ်သမိုင်းပြတိုက်၌ ပြခန်းများပြင်ဆင်မွမ်းမံလျက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၄

၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ်ပြပွဲ ခင်းကျင်းပြသရန် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်၏ ပြခန်းများကို ပြင်ဆင်မွမ်းမံလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် တပ်မတော်စစ်သမိုင်းပြတိုက်ရှိ ပြခန်းများ အနက် ဆောက်လုပ်ရေး ဝန်ကြီးဌာနပြခန်း၊ သစ်တောရေးရာဝန်ကြီးဌာနပြခန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ပြခန်း၊ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်ပြခန်း၊ စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံးပြခန်း၊ တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများပြခန်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ပြခန်း၊ ထောက်ပံ့နှင့်ပို့ဆောင်ရေးညွှန်ကြားရေးမှူးရုံးပြခန်း၊ နိုင်ငံတော် ဦးတည်ချက်(၁၂)ရပ်ပြခန်းများကို ယနေ့နံနက်ပိုင်းတွင် အချိန်နှင့်တစ်ပြေးညီ ပြင်ဆင်မွမ်းမံလျက်ရှိရာ တာဝန်ရှိသူများက ကြပ်မတ်စစ်ဆေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘုရားဖြူးစမ္မသဘင်

ရန်ကုန် ဖေဖော်ဝါရီ ၄

ရန်ကုန်မြို့လုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်းက ကြီးမှူးကျင်းပသော (၇၃)ကြိမ်မြောက် ဝိနည်းစာပြန်ပွဲ ဆုနှင်းသဘင်အကြိုတရားပွဲများအဖြစ် ဖေဖော်ဝါရီ ၅ရက်(စနေနေ့) တွင် မြန်အောင် ဆရာတော် ဦးထေရဝံသ(မဟာစည်၊ ဗဟို) ကလည်းကောင်း၊ ဖေဖော်ဝါရီ ၆ ရက်(တနင်္ဂနွေနေ့) တွင် မဈိမဂုဏ်ရည်ဆရာတော် ဒေါက်တာအရှင်ကောဝိဒကလည်းကောင်း ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်၌ ညစဉ်တရားတော်များ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၄

မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်း ဒေဝသာဂရသိမ်ကုန်း ဓမ္မိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက်ရှိ ရတနရံသီမြတ်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်၊ အသံမစဲမဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်ပွဲနှင့် စာအောင်သံဃာတော်အရှင်သူမြတ်တို့အား ဆုချီးမြှင့်ဆက်ကပ်လှူဒါန်းပွဲတို့ကို ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၃ ရက်အထိ ကျင်းပမည်ဖြစ်ရာ ဖုန်း-၃၈၅၀၇၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

စည်းလုံးချစ်ကြည် ရွှေပြည်သစ်ဆီသို့ တက်ညီလက်ညီ ချီတက်နေသော မွန်ပြည်နယ်

သီဟအောင်

မွန်ပြည်နယ်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အရှေ့တောင်ပိုင်း အတွင်းဘက်တွင် တည်ရှိပြီး စတုရန်းမိုင် ပေါင်း ၄၇၄၉ ကျယ်ဝန်းသည်။ မွန်၊ ဗမာတိုင်းရင်းသားများနှင့်အတူ ကချင်၊ ကရင်၊ ချင်း၊ ပအိုးဝ်၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားများ အတူတကွ ပူးပေါင်းနေထိုင်ကြသည့် ပြည်ထောင်စုငယ်တစ်ခုအသွင် တည်ရှိနေသည်။ လက်ရှိလူဦးရေ ၂၈၂၂၀၀၀ ခန့်ရှိသဖြင့် ပျမ်းမျှ လူနေသိပ်သည်းမှုမှာ တစ်စတုရန်းမိုင်လျှင် ၅၉၆ ယောက်ဖြစ်သည်။

တောင်တန်းနှင့်မြေပြန့် ဆက်စပ်တည်ရှိနေသော ပြည်နယ်ဖြစ်သည်။ ပေ ၁၅၀၀ အထိမြင့်သော တောင်တန်းများရှိပြီး စစ်တောင်းမြစ်ဝနှင့် သံလွင်မြစ်အကြားရှိ ကမ်းရိုးတန်းလွင်ပြင်များလည်း ရှိသည်။ ဇင်းကျိုက် တောင်တန်း၊ တောင်ညိုတောင်တန်း စသည်တို့သည် မြောက်မှတောင်သို့ သွယ်တန်းနေသည်။ စစ်တောင်းမြစ်၊ ဘီးလင်းမြစ်၊ အတ္ထရံ မြစ်၊ ဂျိုင်းမြစ်၊ သံလွင်မြစ်နှင့် ရေးမြစ်များ ဖြတ်သန်းစီးဆင်းလျက်ရှိသည်။

၁၉၉၅ ခုနှစ် (၇၅)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက–

"ယနေ့ ရရှိနေပြီဖြစ်သော တည်ငြိမ်မှု၊ အေးချမ်းသာယာမှုကို အရင်းခံလျက် နိုင်ငံတော်၏ ပေါကြွယ်ဝသော သယံဇာတများ၊ စီးပွားရေးအရင်းအမြစ်များကို နိုင်ငံတော်အတွက် အကျိုးရှိရှိ အသုံးပြုကာ ဘက်စုံဖွံ့ဖြိုးသော ခေတ်မီနိုင်ငံတော်သစ်အဖြစ်သို့ အမြန်ရောက်ရှိရေးကို မမှိတ်မသုန်သော ဆန္ဒပြင်းပြစွာဖြင့် လက်တွဲချီတက်ကြရမည့် အချိန်အခါဖြစ်ကြောင်း"

လမ်းညွှန်တိုက်တွန်းမှုပြုခဲ့သည်။ ပြည်ထောင်စုကြီးကို ချစ်မြတ်နိုးသူ တိုင်းရင်းသားတိုင်း၊ အမိနိုင်ငံတော်ကို ကမ္ဘာနှင့်ရင်ပေါင်တန်းစေချင်သည် ဆိုသည့် နိုင်ငံသားတိုင်းသည် မိသားစုစိတ်ဓာတ်အခြေခံကာ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ယနေ့ နိုင်ငံတော်က ပြည်နယ်နှင့်တိုင်း အသီးသီး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာ၌ နိုင်ငံခြားအကူအညီ မပါဘဲ ပြည်တွင်းစွမ်းအား၊ ကိုယ့်ခွန်ကိုယ့်အားဖြင့် ကြိုးပမ်းတည်ဆောက်လျက်ရှိရာ တိုင်းရင်းသားညီနောင်များ တက်ညီ လက်ညီ ပါဝင်ပူးပေါင်းဆောင်ရွက်လျက်ရှိသဖြင့် အောင်မြင်မှုများ ရရှိနေကြောင်းကို မွန်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုအား မှတ်တမ်းပြု၍ တင်ပြအပ်ပေသည်။

စိုက်ပျိုးရေး

စိုက်ပျိုးမြေအခြေခံရှိသော မွန်ပြည်နယ်တွင် စိုက်ပျိုးမြေဧက တိုးပွားအောင် ဖော်ဆောင်ပေးရင်း သီးနှံစိုက်ဧက ထပ်ဆင့်မြင့်မားအောင် နိုင်ငံတော်က ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်နယ်အတွင်း တစ်နှစ်ပတ်လုံး စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် စိုက်ပျိုးရေရရှိရေး စီမံကိန်းများကို အင်တိုက် အားတိုက် အကောင်အထည် ဖော်ပေးနိုင်သဖြင့် မွန်ပြည်နယ်တွင် ယခင်က အကျိုးပြုဧရိယာဧက တစ်သိန်းခွဲခန့်သာ ရှိရာမှ ယခု ဧကလေးသိန်းခွဲနီးပါး တိုးပွားလာသည်။ အကျိုးဆက်အဖြစ် သီးထပ်ဧရိယာ နှစ်သိန်းနီးပါး တိုးမြင့် စိုက်ပျိုးနိုင်ခဲ့သည်။

၁၉၈၈ ခုနှစ်က မွန်ပြည်နယ်တွင် ဆည်တမံဟူ၍ ဘီးလင်းမြို့နယ်၌ ကဒိုင်းဆည်(အကျိုးပြုဧက ၃၀၀)နှင့် ကျိုက်မရောမြို့နယ်၌ ဖန်ရေထိန်းတံခါး(အကျိုးပြုဧက ၂၉၀)သာ ရှိခဲ့သည်။ တပ်မတော်အစိုးရလက်ထက်တွင် အဇင်း ရေလှောင်တမံ(မုဒုံ)၊ ဝါးပါးရေလှောင်တမံ(သထုံ)၊ ရွှေနတ်တောင် ရေလှောင်တမံ(မော်လမြိုင်)၊ ဘီးလင်းရေလှောင်တမံ (ဘီးလင်း)၊ ဝင်းဖနုံ ရေလှောင်တမံ(မုဒုံ)၊ ဓိက္ကရဲရေထိန်းတံခါး(သထုံ)နှင့် ကျုံထော်ရေထိန်းတံခါး (သထုံ)တို့ကို တည်ဆောက်ပေးပြီး စိုက်ပျိုးမြေဧက ခြောက်သောင်းကျော်ကို အကျိုးပြုစေခဲ့သည်။

ယခင်ခေတ်ကာလက မရှိခဲ့သော နွေစပါးကို ဧကတစ်သိန်းကျော်အထိ စိုက်ပျိုးနိုင်သဖြင့် မိုးစပါး၊ နွေစပါးထုတ်လုပ်မှု မြင့်မားတိုးတက်လာပြီး ဒေသဝမ်းစာ ဖူလုံရုံမက ပိုလျှံလာခဲ့သည်။

ထို့ပြင်မကဘဲ မွန်ပြည်နယ်၏ စိုက်ပျိုးရေးစွမ်းအား ဆပွားတိုးတက်ပြီး ပိုမိုအကျိုးသက်ရောက်စေရေးအတွက် နိုင်ငံတော်က ပေါင်မြို့နယ်တွင် ဧကတစ်သောင်း အကျိုးပြုမည့် ကတိုက်ရေလှောင်တမံနှင့် ဧကနှစ်သောင်း အကျိုးပြုမည့် ကတွန်ရေထိန်းတံခါးတို့ကို တည်ဆောက်ပေးလျက်ရှိသည်။ ဆက်လက်၍လည်း ဆံတော်တောင် ရေလှောင်တမံ စီမံကိန်း ကို ဖော်ဆောင်ပေးသွားဦးမည်ဖြစ်သည်။

၁၉၈၈ ခုနှစ်က မြစ်ရေတင်လုပ်ငန်း မရှိခဲ့သော မွန်ပြည်နယ်တွင် မျက်မှောက်ကာလ၌ အတ္ထရံမြစ်၊ ဘီးလင်း မြစ်နှင့် ဂျိုင်းမြစ်တို့ကို အကျိုးရှိရှိ အသုံးချလျက် မြစ်ရေတင်စီမံကိန်း ၁၁ ခု ဖော်ဆောင်ပေးခဲ့သည်။ ယခုလက်ရှိ တည်ဆောက်ဆဲ မြစ်ရေတင်စီမံကိန်း နှစ်ခုရှိနေရာ မွန်ပြည်နယ်၌ ရေသယံဇာတကို အကျိုးရှိရှိ အသုံးချနိုင်အောင် ဆောင်ရွက်ပေးနေခြင်းကြောင့် အကျိုးပြုဧရိယာ ခြောက်သိန်းနီးပါးအထိ ရှိလာခဲ့သည်။

နိုင်ငံတော်၏ အားပေးမြှင့်တင်မှုကြောင့် ပြည်နယ်၏ စပါးစိုက်ပျိုးထုတ်လုပ်မှုသာမကဘဲ ပဲမျိုးစုံ စိုက်ဧကလည်း တိုးတက်ခဲ့သည်။ နိုင်ငံနှင့် စိုက်ပျိုးထုတ်လုပ်သူများအတွက် ရေရှည်အကျိုးပြုသွားမည့် နှစ်ရှည်သီးနှံ ရော်ဘာစိုက်ဧက တိုးပွားအောင် အဘက်ဘက်မှ ကူညီပံ့ပိုး အားပေးခဲ့သဖြင့် မွန်ပြည်နယ်၌ ရော်ဘာစိုက်ဧက သုံးဆကျော်တိုးကာ ဧက(၂၃၅၀၀၀) ကျော် စိုက်ပျိုးထားနိုင်ပြီဖြစ်သည်။

ထို့အတူ ငရုတ်ကောင်းစိုက်ဧက အဆ ၁၀၀ ကျော် တိုးတက်လာခဲ့သည်။ တပ်မတော်အစိုးရလက်ထက်၌ မွန်ပြည်နယ်တွင် စိုက်ပျိုးရေးကဏ္ဍ အခြေခံကောင်းများ အားရဖွယ်ဖြစ်ထွန်းနေကြောင်းကို အောက်ပါဇယားက သက်သေပြနေသည်–

တစ်ဧကအထွက်နှုန်း–တင်း
စုစုပေါင်းထုတ်လုပ်မှု–တင်း(ထောင်)

အမျိုးအမည်	၁၉၈၈	၁၂–၂–၂၀၀၅	တိုးတက်မှု
မြေသယံဇာတ			
– စိုက်ပျိုးမြေဧရိယာ	၉၆၉၅၁၆	၁၁၀၂၉၈၀	၁၃၃၄၆၄
– မြေလွတ်မြေရိုင်း	၂၅၈၈၀၄	၁၅၂၇၅၄	–
စိုက်ပျိုးရေရရှိရေးကြိုးပမ်းမှု			
– ဆည်၊ကန်၊တာတမံ၊ရေနုတ်	၇၆	၈၆	၁၀
– မြစ်ရေတင်လုပ်ငန်း	မရှိ	၁၃	၁၃
– ချောင်းမြောင်းတမံပိတ်ဆို့မှု	မရှိ	၃၄၅၂	၃၄၅၂
– စုစုပေါင်းအကျိုးပြုဧက	၁၄၉၇၆၀	၅၉၀၇၁၃	၄၄၀၉၅၃
သီးထပ်ဧကဖြစ်ထွန်းမှု	**၄၈၀၀၉**	**၁၉၆၁၄၂**	**၁၄၈၁၃၃**
စပါးတိုးမြှင့်စိုက်ပျိုးမှု			
– မိုးစပါးစိုက်ဧက	၆၀၆၄၄၂	၇၀၁၆၀၀	၉၅၁၅၈
– တစ်ဧကအထွက်နှုန်း*	၅၅.၀၀	၆၆.၉၇	၁၁.၉၇
– နွေစပါးစိုက်ဧက	မရှိ	၁၀၀၅၀၀	၁၀၀၅၀၀
– တစ်ဧကအထွက်နှုန်း*	မရှိ	၇၇.၇၄	၇၇.၇၄
– စုစုပေါင်းထုတ်လုပ်မှု	၃၃၁၄၆	၅၁၈၃၀	၁၈၆၈၄
– ဒေသဝမ်းစာဖူလုံမှု	–	**၁၂၃%**	**၁၂၃%**
ပဲမျိုးစုံစိုက်ဧက	၆၈၁၆	၈၁၃၆၀	၇၄၅၄၄
ရော်ဘာစိုက်ဧက	၇၆၅၀၅	၂၃၅၄၁၈	၁၅၈၉၁၃
ဆီအုန်းစိုက်ဧက	၁၂၀၁	၁၆၃၁	၄၃၀
လက်ဖက်စိုက်ဧက	မရှိ	၇၂	၇၂
ငရုတ်ကောင်းစိုက်ဧက	၁၂၇	၁၄၇၇၀	၁၄၆၄၃
ဆီထွက်သီးနှံစိုက်ဧက			
– မြေပဲ	၁၄၇၀၅	၂၂၄၀၅	၇၇၀၀
– နှမ်း	၄၀၈၅	၅၄၇၂	၁၃၈၇
– နေကြာ	၁၂၃၃၉	၁၃၃၂၃	၉၈၄

မွေးမြူရေးနှင့်ရေလုပ်ငန်း

ကမ်းရိုးတန်းလွင်ပြင်ဒေသ အခြေခံရှိထားသော မွန်ပြည်နယ်၏ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ နှစ်ဆကျော် တိုးတက်အောင် နိုင်ငံတော်က မြှင့်တင်ပေးထားသည်။ ယခင်က တိရစ္ဆာန်ကောင်ရေ ၁၆ သိန်းသာ မွေးမြူနိုင်ရာမှ ယခုအခါ ကောင်ရေ ၃၉ သိန်းကျော်အထိ တိုးမြှင့်မွေးမြူနိုင်ခဲ့သည်။ ၁၉၈၈ ခုနှစ်၌ ငါးမွေးမြူရေးကန် ၂၃၉ ဧကကျော်သာရှိရာမှ မျက်မှောက်ခေတ်၌ ၅၀၇ ဧကကျော် ရှိလာသည်။ စပါး–ငါး တွဲဖက်စိုက်ပျိုးမွေးမြူရေး အားပေးခဲ့သဖြင့် ယနေ့ကာလ၌ စပါး ၄၆၃ ဧကတွင် ငါးကောင်ရေ ၂၃၀၀၀၀ကျော် မွေးမြူနိုင်ခဲ့သည်။ ဤသို့ တိုးမြှင့်မွေးမြူနိုင်ရေးအတွက် ယခင်က ငါးမျိုး နှစ်သိန်းမျှသာ သားဖောက်ဖြန့်ဖြူး ပေးနေမှုအစား အဆပွားအောင် ဖိဖိစီးစီး ဆောင်ရွက်စေခဲ့သဖြင့် ယခု ငါးသားပေါက် သိန်း ၇၀ကျော်အထိ တိုးမြှင့် ဖြန့်ဖြူးပေးနိုင်ခဲ့သည်။ ထို့အတူ မွန်ပြည်နယ်တွင် ၁၉၈၈ ခုနှစ်ကာလက စိတ်မကူးခဲ့ဖူးသော ပုစွန်မွေးမြူရေး အားပေး ကူညီခဲ့၍ ယနေ့ကာလတွင် ပုစွန်မွေးရေပြင် (၉၂၆ဒသမ၃၃)ဧက ရှိနေပြီဖြစ်သည်။

သစ်တောပြုစုပျိုးထောင်မှု

မွန်ပြည်နယ်၏ သစ်တောပြုစုပျိုးထောင်မှုကလည်း အားတက်ဖွယ် ကောင်းနေသည်။ ကြိုးဝိုင်းတော၊ ကြိုးပြင် ကာကွယ်တောနှင့် သဘာဝနယ်မြေ ဧရိယာများ တိုးတက်လျက်ရှိသည်။ ကျိုက်ထိုမြို့နယ်၌ ကျိုက်ထီးရိုး တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောနှင့် ဘီးလင်းမြို့နယ်၌ ကေလာသ တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောများ ဖြစ်ထွန်းလာသည်။ သစ်တောစိုက်ခင်း ထူထောင်မှုတွင် ယခင်ကာလကထက် ခုနစ်ဆ တိုးတက်ခဲ့သည်။ ဒေသခံတိုင်းရင်းသား ပြည်သူများ၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အသိအမြင်များ တိုးပွားပြီး ပါဝင်ပူးပေါင်း ဆောင်ရွက်မှုအား မြင့်မားလာသဖြင့် ၁၉၈၈ခုနှစ်က လူထုလှုပ်ရှားမှု သစ်ပင်စိုက်ပျိုးခဲ့ရာ ပျိုးပင်တစ်သိန်းမျှသာ စိုက်ပျိုးနိုင်ခဲ့သော်လည်း တပ်မတော်အစိုးရ လက်ထက်၌ ပျိုးပင်ပေါင်း လေးသန်းကျော် တိုးမြှင့်စိုက်ပျိုးနိုင်ခဲ့သည်။ မွန်ပြည်နယ်၏ သစ်တောပြုစု ပျိုးထောင်မှု တိုးတက်နေကြောင်းကို အောက်ပါနှိုင်းယှဉ်ချက်ဇယားတွင် တွေ့ရှိရမည်ဖြစ်သည်–

*** စတုရန်းမိုင်**

အမျိုးအမည်	၁၉၈၈	၁၂–၂–၂၀၀၅	တိုးတက်မှု
ကြိုးဝိုင်းတော*	၇၃၂	၇၈၇	၅၅
ကြိုးပြင်ကာကွယ်တော*	မရှိ	၆၂	၆၂
သဘာဝနယ်မြေဧရိယာ*	၉.၂၄	၆၉.၅၆	၆၀.၃၂
သစ်တောစိုက်ခင်းထူထောင်ခြင်း	**၄၁၀၀**	**၂၇၅၄၅**	**၂၃၄၄၅**
– စီးပွားရေးစိုက်ခင်းဧက	၁၀၀	၅၈၀၅	၅၇၀၅
– ကျေးရွာသုံးစိုက်ခင်းဧက	မရှိ	၂၇၀၀	၂၇၀၀
– စက်မှုကုန်ကြမ်းစိုက်ခင်းဧက	၄၀၀၀	၁၄၀၀၀	၁၀၀၀၀
– ရေဝေရေလဲစိုက်ခင်းဧက	မရှိ	၅၀၄၀	၅၀၄၀
သစ်ဆိမ့်ပင်စိုက်ခင်းဧက	**မရှိ**	**၃၀၀**	**၃၀၀**

ပို့ဆောင်ရေးနှင့်လမ်းပန်းဆက်သွယ်ရေး

မွန်ပြည်နယ်၏ လမ်းပန်းဆက်သွယ်မှုသည် မျက်မှောက်ခေတ်၌ ပိုမို၍ လုံခြုံချောမွေ့လာခဲ့သည်။ မူလရှိပြီးသား လမ်းများကို ပိုမိုကြံ့ခိုင်အောင် အဆင့်ဆင့်တိုးချဲ့ မြှင့်တင်ပေးလျက်ရှိပြီး တံတားအင်အား တိုးပွားအောင် နိုင်ငံတော်က ဖော်ဆောင်ပေးခဲ့သည်။ မြိုင်ကလေး–ဇာသပြင်–မော်လမြိုင်လမ်းကိုလည်း အဆင့်တိုးမြှင့်ပေးလျက်ရှိသည်။

ယခင်က မွန်ပြည်နယ်တွင် ပေ ၁၈၀အထက်တံတားဟူ၍ ခဝဲချောင်း(ပေ ၂၀၀)၊ ရေးချောင်း(ပေ ၄၇၀)၊ ဘီးလင်းချောင်း(၆၄၈ ပေ)ဟူ၍ တံတားသုံးစင်းသာ ရှိခဲ့သည်။ တပ်မတော်အစိုးရလက်ထက်၌ ဝင်းဖနုံ(ပေ ၁၈၀)၊ ဒီးပဒေါ(ပေ ၁၈၀)၊ ကွမ်ကျိုက်(ပေ ၁၉၀)၊ သဲဖြူချောင်း(ပေ ၁၈၀)စသည့် တံတားများ တိုးပွားလာသည်။

နိုင်ငံတော်က မွန်ပြည်နယ်တွင် အထူးစီမံကိန်းဝင် တံတားကြီးအဖြစ် ၁၉၉၈ ခုနှစ် မတ်လ ၂၆ ရက်က မော်လမြိုင်မြို့နယ် မော်လမြိုင်–ဇာသပြင်–ဘားအံလမ်းအပိုင်း၌ အတ္ထရံမြစ်ကူး အတ္ထရံတံတား(အရှည်ပေ ၁၄၂၀)ကို တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည်။ ဆက်လက်၍ ရေးမြို့နယ်၌ ရန်ကုန်–မြိတ်လမ်းပိုင်းတွင် ပေ ၁၈၀စီရှိသော ကိုးမိုင်တံတား၊ မော်လမြိုင်–ထားဝယ် လမ်းပိုင်းတွင် ကြိုးတန်းတံတားတို့ကို တည်ဆောက်ပေး လျက်ရှိသည်။ ထို့အတူ မွန်ပြည်နယ် ဘီးလင်းမြို့နယ်ရှိ ရန်ကုန်–မော်လမြိုင်လမ်းပိုင်းတွင် အရှည် ၂၃၉၃ ပေရှိ စစ်တောင်းမြစ်ကူး စစ်တောင်း(မုပ္ပလင်) တံတားကြီးကိုလည်း တည်ဆောက်ပေးနေသည်။

မွန်ပြည်နယ်တွင် ကားလမ်းခရီးအတွက် တံတားအစင်းစင်း ခင်းပေး နေသည့်နည်းတူ ရထားလမ်းခရီး၌လည်း တံတားများခင်းပေးကာ ရထားလမ်း သစ်များကို ဒေသချင်း ဆက်စပ်ဖောက်လုပ်ပေးလျက်ရှိသည်။ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ကို ဆက်သွယ်ပို့ဆောင်ပေးနေသော သထုံ–မြိုင်ကလေး ရထားလမ်းပိုင်းပေါ်တွင် ၂၀၀၂ ခုနှစ် ဇန်နဝါရီလက ပေ ၆၀၀အရှည်ရှိပြီး ရထားရောကားပါ ဖြတ်သန်းနိုင်သည့် ဒုံသမိ တံတားကို တည်ဆောက်ဖွင့် လှစ်ပေးခဲ့သည်။

မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်း ဆက်စပ်လျက် လမ်းပန်းဆက်သွယ်ရေး၊ တိုင်းရင်းသားချင်း ချစ်ကြည် ရင်းနှီးရေးနှင့် စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေး–ထားဝယ် ရထားလမ်းသစ်ကို ၁၉၉၈ ခုနှစ် မတ်လ ၂၆ရက်နေ့က တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည်။ ရေး–ထားဝယ် ရထားလမ်းပိုင်းသည် ရထား လမ်းခရီးမိုင် ၁၀၂ဒသမ၃၈မိုင်၊ သံလမ်းမိုင် ၁၁၁ဒသမ၉၉မိုင်ရှိကာ ဘူတာပေါင်း ၂၃ဘူတာ ပါဝင်သည်။ မွန်ပြည်နယ်အတွင်းရှိ ၎င်းရထားလမ်း ပိုင်းတွင် အရှည် ၈၅၀ ပေရှိပြီး ရထားရောကားပါ ဖြတ်သန်းနိုင်သည့် ရေးတံတားကို ၂၀၀၃ ခုနှစ် နိုဝင်ဘာလ ၂၅ရက်နေ့က တည်ဆောက်ဖွင့်လှစ် ပေးခဲ့သည်။

၁၉၈၈ ခုနှစ်ကထက် ရထားလမ်း၊ ကားလမ်းနှင့် တံတားအင်အား ထင်ရှားသိသာစွာ ရှည်လျားကြံ့ခိုင်လာသော မွန်ပြည်နယ်တွင် မျက်မှောက်ခေတ်၌ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ တည်ဆောက် နိုင်မှုစွမ်းအားနှင့် စည်းလုံးညီညွတ်မှု အင်အားကို အထင်အရှား ပြသမည့် အံ့ဖွယ်ထူးခြား တံတားကြီးတစ်စင်းသည် မကြာမီ ကမ္ဘာ့မြင်ကွင်း၌ လင်းလင်းလက်လက် ပေါ်ထွက်လာတော့မည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ အရှည်လျားဆုံး၊ အထူးခြားဆုံး၊ အထင်ရှားဆုံး အဖြစ်လည်းကောင်း၊ မွန်ပြည်နယ်နှင့်တကွ ပြည်ထောင်စုကြီး၏ လမ်းတံတားကဏ္ဍ မှတ်တိုင်သစ်ကြီးအဖြစ်လည်းကောင်းပေါ်ထွန်းလာမည့်တံတားကြီးမှာ ၁၁၅၇၅ပေ(နှစ်မိုင်ကျော်) ရှည်လျားပြီး ရထားရောကားပါဖြတ်သန်းနိုင်သည့် သံလွင်မြစ်ကူးသံလွင်တံတားကြီး(မော်လမြိုင်)ပင် ဖြစ်သည်။

မွန်ပြည်နယ်သည် ပဲခူးတိုင်းမှ တစ်ဆင့် ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းတို့နှင့် ဆက်စပ်နေပြီး ထိုမှတစ်ဆင့် အာရှနှင့် အာဆီယံလမ်းမကြီးများ ဖြတ်သန်းရာ ပြည်နယ် တစ်ခုအဖြစ် တည်ရှိနေရာ နိုင်ငံတော်၏ ဖော်ဆောင်မြှင့်တင် ပေးမှုနှင့်အတူ ပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၌ ထူးထူးခြားခြား ဖွံ့ဖြိုးတိုးတက်လျက်ရှိနေသည်ကို အောက်ပါဇယားတွင် လေ့လာ တွေ့ရှိနိုင်ပေသည်–

အမျိုးအမည်	၁၉၈၈	၁၂–၂–၂၀၀၅	တိုးတက်မှု
ကားလမ်းမိုင်	**၄၂၄/၀**	**၄၃၁/၀**	**၇/၀**
– ကတ္တရာလမ်းမိုင်	၃၅၂/၀	၃၇၇/၃	၂၅/၃
တံတား			
– ပေ(၁၈၀)အထက်	၃	၉	၆
– ပေ(၁၈၀)အောက်	၁၂၇	၁၉၈	၇၁
ရထားပို့ဆောင်ရေး			
– လမ်းခရီးမိုင်	၁၉၅.၅၁	၂၁၀.၄၂	၁၄.၉၁
– သံလမ်းမိုင်	၂၅၂.၃၀	၂၆၈.၆၁	၁၆.၃၁
– ခရီးသည်ဦးရေ	၂၀၆၅၆၀၀	၂၂၀၂၄၀၀	၁၃၆၈၀၀
– ခရီးသည်မိုင်	၁၆၂၅၃၅.၇	၁၆၆၉၆၃.၁	၄၄၂၇.၄
– ကုန်တန်ချိန်	၁၈၅၅၀၀	၂၁၈၃၀၀	၃၂၈၀၀
– ကုန်တန်မိုင်	၁၉၁၈၅.၇	၂၈၅၅၆.၄	၉၃၇၀.၇
– ဘူတာရုံ	၄၇	၅၅	၈

စာမျက်နှာ ၁၀ ကော်လံ ၁

၁၉၈၈ ခုနှစ်နောက်ပိုင်း

မွန်ပြည်နယ် ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်း

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြု



မွန်ပြည်နယ် သထုံခရိုင်တွင် အလုပ်အကိုင် အခွင့်အလမ်းများ ပွင့်လန်းစေရန်အတွက် ပေါင်မြို့နယ်၌ တည်ဆောက်ပေးထားသော ပဒုမ္မာ ဆပ်ပြာစက်ရုံကို ဤသို့ တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနက တည်ဆောက် ဖွင့်လှစ်ပေးခဲ့သော လယ်မြေဧက ၁၃၀၀၀ ကျော် ရေပေးဝေလျက်ရှိသည့် ဝင်းဖနုံ ရေလှောင်တမံကို ဤသို့ တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် နိုင်ငံတော်က မွန်ပြည်နယ် ဘီးလင်းမြို့နယ်နှင့် ဇုတ်သုတ်ကျေးရွာသို့ ဆက်သွယ်ထားသောလမ်းပေါ်ရှိ ချိန်းချောင်းတံတားကို ဤသို့တည်ဆောက်ပေးထားသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ရေးမြစ်ကူးတံတား

မွန်ပြည်နယ်အတွင်း သွားလာဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက ရေးမြို့နယ်တွင် တည်ဆောက်ဖွင့်လှစ်ခဲ့သော တံတားအရှည် ၈၅၇ ပေ၊ သံကူကွန်ကရစ် အမျိုးအစား၊ ရထားလမ်း၊ ကားလမ်းပါရှိသည့် ရေးမြစ်ကူးတံတားကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

5-2 (09).p65 9 3/24/05, 8:07 PM

စာမျက်နှာ ၈ မှ

ဆက်သွယ်ရေး

နိုင်ငံတော်က ပြည်နယ်နှင့်တိုင်း အသီးသီး၏ ဆက်သွယ်ရေးစွမ်းအား မြင့်မားတိုးတက်အောင် ဟန်ချက်ညီညီ ဖော်ဆောင်ပေးလျက်ရှိသည်။ မွန်ပြည်နယ်၏ ဆက်သွယ်ရေးကဏ္ဍသည် ညီနောင် ပြည်နယ်/တိုင်းများနည်းတူ တစ်မူ ထူးခြားစွာ ဖွံ့ဖြိုးတိုးတက်လျက်ရှိနေသည်ကို အောက်ပါ ယခင်နှင့်ယခု နှိုင်းယှဉ်မှုဇယားက ဖော်ပြနေသည်–

အမျိုးအမည်	၁၉၈၈	၁၂–၂–၂၀၀၅	တိုးတက်မှု
စာတိုက်စခန်း	၅၈	၆၃	၅
ကြေးနန်းရုံး	၁၆	၁၈	၂
ဖက်စ်စီမီလီ	၁	၃၇	၃၆
ကွန်ပျူတာကြေးနန်း	မရှိ	၁၀	၁၀
တယ်လီဖုန်းလုပ်ငန်း			
– တယ်လီဖုန်းရုံး	၁၁	၂၉	၁၈
– လိုင်းအင်အား	၂၅၂၆	၈၅၅၁	၆၀၂၅
– အိတ်ချိန်း	၁၁	၂၁	၁၀
– တိုက်ရိုက်လိုင်း	၂၄၀၁	၇၉၅၉	၅၅၅၈
– အော်တို/လက်သုံးတယ်လီဖုန်း	၂၄၀၁	၇၇၃၉	၅၃၃၈
– အော်တိုရေဒီယိုတယ်လီဖုန်း	မရှိ	၂၂၀	၂၂၀
– တယ်လီဖုန်းသိပ်သည်းဆ*	၁.၂၉	၃.၀၀	၁.၇၁
မိုက္ကရိုဝေ့ဖ်စခန်း	၉	၁၀	၁
ကျေးလက်တယ်လီဖုန်းအိတ်ချိန်း	မရှိ	၈	၈
အီးမေးလ်၊အင်တာနက်	မရှိ	၂	၂

*** (လူ၁၀၀၀လျှင်)**

လျှပ်စစ်စွမ်းအား

နိုင်ငံတော်က နယ်မြေဒေသအလိုက် တည်ရှိနေသည့် ရေမြေသဘာဝ သယံဇာတများအပေါ် အခြေခံပြီး ပြည်နယ်နှင့်တိုင်း အသီးသီး၌ ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်အောင် ဖော်ဆောင်ပေးလျက်ရှိသည်။ စိုက်ပျိုးရေရရှိရေးအတွက် ဆည်တမံ များ တည်ဆောက်ပေးသည်။ ထိုသို့တည်ဆောက်ရင်း ဖြစ်နိုင်သမျှ လုပ်ငန်းတိုင်းတွင် ဘက်စုံစီမံကိန်းအဖြစ် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်အောင် ဆောင်ရွက်စေသည်။ ထိုမှရရှိသော လျှပ်စစ်ဓာတ်အားကို မဟာဓာတ်အားလိုင်းအတွင်းသွင်းပြီး ဒေသအားလုံး ဖွံ့ဖြိုးရေးလိုအပ်ချက်နှင့်အညီ မျှမျှတတ ရယူသုံးစွဲနိုင်အောင် ဖြန့်ဝေပေးသည်။ မွန်ပြည်နယ်၏ ဓာတ်အားသုံးစွဲနိုင်မှုစွမ်းအားသည် ညီနောင်ပြည်နယ်/တိုင်းများနည်းတူ ၁၉၈၈ ခုနှစ်ကထက် မြင့်တက်လာသည်ကို အောက်ပါဇယားတွင် တွေ့ရှိရမည်–

ဓာတ်အားသုံးစွဲမှု–ယူနစ်(သန်း)

*** မဂ္ဂါဝပ်**

အမျိုးအမည်	၁၉၈၈	၁၂–၂–၂၀၀၅	တိုးတက်မှု
ဓာတ်အားသုံးစွဲမှု	၃၆.၉၈၄	၁၃၅.၈၂၉	၉၈.၈၄၅
အမြင့်ဆုံးဝန်အား*	၁၂.၈၀၀	၂၅.၁၀၀	၁၂.၃၀၀
ဓာတ်အားတိုးမြှင့်ထုတ်လုပ်မှု			
– ရေအားလျှပ်စစ်စက်ရုံ	၁	၁	–
– ရေနွေးငွေ့သုံးစက်ရုံ	၂	၂	–
– သဘာဝဓာတ်ငွေ့သုံးစက်ရုံ	၁	၁	–
– ဒီဇယ်ဆီသုံးစက်ရုံ	၄၂	၁၀	မဟာ ဓာတ်အားလိုင်းတိုး
လက်ရှိစက်တပ်ဆင်အင်အား	**၅၄.၁၉၃**	**၈၂.၇၉၉**	**၂၈.၆၀၆**

စက်မှုလက်မှု

ပြည်နယ်၏ လျှပ်စစ်ဓာတ်အားသုံးစွဲမှု မြှင့်တင်ပေးသည့်နည်းတူ မွန်ပြည်နယ်၏ စက်မှုစွမ်းအားတိုးတက်အောင် နိုင်ငံတော်က ကူညီဖြည့်ဆည်းဆောင်ရွက်ပေးနေသည်။ စက်မှုအခြေခံမရှိသေးသော ဒေသများတွင် စတင်ပျိုးထောင်ပေးခြင်း၊ အခြေခံရှိသော ဒေသများတွင် အလားအလာကောင်းများ ထပ်ဆောင်းပေးခြင်းဖြင့် စိုက်ပျိုးရေးအခြေခံ စက်မှုနိုင်ငံတော်ကြီး အဖြစ် ပေါ်ထွန်းလာအောင် ပံ့ပိုးအားပေးလျက်ရှိသည်။

နိုင်ငံတစ်ဝန်းလုံး စက်မှုဇုန်(၁၉)ဇုန် ထူထောင်ပေးခဲ့သဖြင့် မွန်ပြည်နယ်၌ မော်လမြိုင်စက်မှုဇုန် ပေါ်ထွန်းလာ သည်။ ပုဂ္ဂလိကစက်ရုံနှင့် အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းများကိုလည်း တိုးမြှင့်လုပ်ဆောင်စေခဲ့သည်။ နိုင်ငံပိုင်စက်ရုံ ၃၃ ရုံ ဖွင့်လှစ်တည်ဆောက်ပေးထားသော မွန်ပြည်နယ်၏ စက်မှုလက်မှုကဏ္ဍ ယခင်နှင့်ယခု ဖွံ့ဖြိုးတိုးတက်မှု နှိုင်းယှဉ်ချက်ကို အောက်ပါအတိုင်း လေ့လာတွေ့ရှိရပေမည်–

အမျိုးအမည်	၁၉၈၈	၁၂–၂–၂၀၀၅	တိုးတက်မှု
စက်မှုစွမ်းအားမြှင့်တင်ခြင်း			
– စက်မှုဇုန်(မော်လမြိုင်)	မရှိ	၁	၁
– လုပ်ငန်းပေါင်း	မရှိ	၁၅၈	၁၅၈
– ပုဂ္ဂလိကစက်ရုံ	၁၅၃၅	၂၂၂၁	၆၈၆
– အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း	–	၃၉၀	၃၉၀
နိုင်ငံပိုင်စက်ရုံ	၂၉	၃၃	၄

သတ္တုနှင့်တွင်းထွက်သယံဇာတ

မွန်ပြည်နယ်၏ ကဏ္ဍပေါင်းစုံ ဟန်ချက်ညီတိုးတက်နေသကဲ့သို့ ပြည်နယ်၏ သတ္တုနှင့် တွင်းထွက်သယံဇာတ ကဏ္ဍလည်း မြင့်မားလာသည်။ ၁၉၈၈ ခုနှစ် နောက်ပိုင်းတွင် ရွှေလုပ်ကွက်လေးကွက် တိုးတက်ဖြစ်ထွန်းနေပြီး ထရိုင် အောင်စ ၇၆ဒသမ၄၀ ထုတ်လုပ်ထားသည်။

အခြား သတ္တုလုပ်ကွက် စခန်းအသစ်များလည်း ပေါ်ထွန်းလာသည်။ အလှဆင်ရာ၌သုံးသော ထုံးကျောက် မက်ထရစ်တန် ၃၉၃ ဒသမ ၁၀၊ သင်ပုန်းကျောက် ၅၅ ဒသမ ၄၂ မက်ထရစ်တန်၊ ဂရက်နိုက် ၁၉၁ ဒသမ ၁၁ မက်ထရစ်တန်၊ မီးခံမြေစေး ၁၃၃ဒသမ ၄၂ မက်ထရစ်တန် ထုတ်လုပ်နိုင်ခဲ့သည်။ ခဲမဖြူအဖြိုက်နက်ရောရာ သတ္တုသိုက် ကိုလည်း ထပ်မံဖော်ထုတ်ထားပြီး တိုးချဲ့ထုတ်လုပ်ရန် ဆောင်ရွက်လျက်ရှိသည်။

ပညာရေး

မျက်မှောက်ခေတ်၌ ပြည်နယ်၏ လူဦးရေအချိုးအစားနှင့်အညီ မွန်ပြည်နယ်၏ ပညာရေးအညွှန်းကိန်းများလည်း မြင့်မားတိုးတက်လာသည်။ နိုင်ငံတော်က အခြေခံပညာကျောင်းပေါင်း ၁၈၉ ကျောင်း တိုးချဲ့ဖွင့်လှစ်ပေးပြီး ဆရာ ဆရာမ ၂၇၄၈ ဦး တိုးမြှင့်ခန့်ထားပေးခဲ့သည်။ သူငယ်တန်းကျောင်းဝင်နှုန်းလည်း ရာနှုန်းပြည့်နီးပါး တိုးတက်လာသည်။

၁၉၈၈ ကာလက မော်လမြိုင်မြို့တွင် ဝိဇ္ဇာသိပ္ပံတက္ကသိုလ် တစ်ခုသာရှိခဲ့ရာမှ ကောလိပ်တစ်ခုနှင့် ပညာရေး ကောလိပ်တစ်ခုကို နိုင်ငံတော်က တိုးချဲ့ဖွင့်လှစ်ပေးခဲ့သည်။ ဤသို့ဖြင့် ပြည်နယ်အတွင်း၌ အဆင့်မြင့်ပညာသင်ယူ နေသော ကျောင်းသားဦးရေ ယခင်ကထက် လေးဆတိုးတက်လာသည်။ နိုင်ငံတော်က မွန်ပြည်နယ်၏ ပညာရည်အဆင့်အတန်း ပိုမိုတိုးတက်မြင့်မားအောင် ဖော်ဆောင်ပေးလျက်ရှိနေပုံကို အောက်ပါပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု နှိုင်းယှဉ်ချက်ဇယားတွင် လေ့လာတွေ့ရှိနိုင်ပေသည်–

အမျိုးအမည်	၁၉၈၈	၁၂–၂–၂၀၀၅	တိုးတက်မှု
အခြေခံပညာပျိုးထောင်မှု			
– ကျောင်းအင်အား	၁၂၀၅	၁၃၉၄	၁၈၉
– မာလ်တီမီဒီယာစာသင်ခန်း	မရှိ	၁၄၉	၁၄၉
– e-Learning Centre	မရှိ	၂၅	၂၅
– ဆရာ၊ဆရာမဦးရေ	၈၆၁၉	၁၁၃၆၇	၂၇၄၈
– ကျောင်းသားဦးရေ	၂၅၈၈၉၂	၃၃၉၁၆၈	၈၀၂၇၆
– သူငယ်တန်းကျောင်းဝင်နှုန်း	၇၁.၄၂%	၉၈.၇၁%	၂၇.၂၉%
– သက်ကြီးစာတတ်မြောက်မှုနှုန်း	၇၉.၁၈%	၉၂.၁၀%	၁၂.၉၂%
– ပညာရေးအဟောသိက်ဖြစ်မှုနှုန်း			
– မူလတန်းအဆင့်	၃၉.၉၉%	၁၃.၄၄%	၂၆.၅၅%
– အလယ်တန်းအဆင့်	၄၀.၈၀%	၁၆.၃၀%	၂၄.၅၀%
အဆင့်မြင့်ပညာမြှင့်တင်မှု			
– ဝိဇ္ဇာသိပ္ပံတက္ကသိုလ်	၁	၁	–
– ကောလိပ်	မရှိ	၁	၁
– ပညာရေးကောလိပ်	၁	၁	–
– e-Learning Centre	မရှိ	၂၆	၂၆
– သင်ကြားရေးအစီအစဉ်များ	၃၁	၆၅	၃၄
– ဆရာ၊ဆရာမဦးရေ	၃၁၇	၃၈၇	၇၀
– ကျောင်းသားဦးရေ	၇၂၅၆	၂၃၃၇၆	၁၆၁၂၀
လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန	**မရှိ**	**၁**	**၁**

သိပ္ပံနှင့်နည်းပညာ

စိုက်ပျိုးရေးကို အခြေခံလျက် စက်မှုနိုင်ငံတော်ထူထောင်ရာတွင် လိုအပ်သော သိပ္ပံနှင့်နည်းပညာရှင်များ ထွန်းကား လာရေးအတွက် မွန်ပြည်နယ်၌လည်း ပြုစုပျိုးထောင်မွေးထုတ်ပေးလျက်ရှိသည်။ ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခု စီမံကိန်းတွင် ပါဝင်သည့် ပြည်နယ်မြို့တော် မော်လမြိုင်၌ အစိုးရနည်းပညာကောလိပ်တစ်ခုနှင့် အစိုးရကွန်ပျူတာကောလိပ်တစ်ခု တည်ဆောက်ဖွင့်လှစ်ပေးထားရာ တပ်မတော်အစိုးရလက်ထက်၌ မွန်ပြည်နယ်မှ နည်းပညာရှင်လူငယ် ၄၆၅၄ဦး တိုးမြှင့်မွေးထုတ်ပေးနိုင်ခဲ့သည်။ လက်ရှိ ဆရာဆရာမဦးရေ ၁၆၃ ရှိပြီး ကျောင်းသားကျောင်းသူ၁၅၂၃ဦး ပညာဆည်းပူးလျက်ရှိသည်။ မျက်မှောက်ခေတ် မွန်ပြည်နယ်၏ သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုကို အောက်ပါဇယားတွင် တွေ့ရှိနိုင်သည်–

အမျိုးအမည်	၁၉၈၈	၁၂–၂–၂၀၀၅	တိုးတက်မှု
အစိုးရနည်းပညာကောလိပ် (မော်လမြိုင်)	မရှိ	၁	၁
– သင်တန်းအရေအတွက်	၄	၇	၃
– ဆရာ၊ဆရာမဦးရေ	၅၀	၁၄၂	၉၂
– ကျောင်းသားဦးရေ(မွေးထုတ်ပြီး)	၂၄၇	၄၄၀၂	၄၁၅၅
– ကျောင်းသားဦးရေ(လက်ရှိ)	မရှိ	၁၀၉၈	၁၀၉၈
အစိုးရကွန်ပျူတာကောလိပ် (မော်လမြိုင်)	မရှိ	၁	၁
– သင်တန်းအရေအတွက်	မရှိ	၆	၆
– ဆရာ၊ဆရာမဦးရေ	မရှိ	၂၁	၂၁
– ကျောင်းသားဦးရေ(မွေးထုတ်ပြီး)	မရှိ	၂၅၂	၂၅၂
– ကျောင်းသားဦးရေ(လက်ရှိ)	မရှိ	၄၂၅	၄၂၅

ကျန်းမာရေး

ပညာရေးစွမ်းအား ပိုမိုထွန်းကားလာသော မွန်ပြည်နယ်တွင် ပြည်နယ်သူ ပြည်နယ်သားအားလုံး ကျန်းမာ ခြင်း၏ အကျိုးတရားကိုလည်း ပိုမိုရရှိခံစားနေကြပြီဖြစ်သည်။ မွန်ပြည်နယ်တွင် တိုက်နယ်အဆင့် ဆေးရုံခုနစ်ရုံ

တိုးချဲ့တည်ဆောက်ပေးထားသည်။ (၁၆)ခုတင်ဆံ့ဆေးရုံ ခုနစ်ရုံကို (၂၅)ခုတင်ဆံ့ အဆင့်သို့ မြှင့်တင်ပေးခဲ့သည်။ ခုတင် (၅၀)ဆံ့ ဆေးရုံသစ်တစ်ရုံ ထပ်မံဖြစ်ထွန်းလာသည်။ မျက်မှောက်ခေတ်၌ ခုတင်(၃၀၀)ဆံ့ အထူးကုဆေးရုံကြီးတစ်ရုံနှင့် ခုတင်(၁၀၀)ဆံ့ ဆေးရုံတစ်ရုံအပါအဝင် ဆေးရုံပေါင်း ၂၈ ရုံအထိ ရှိလာခဲ့သည်။

ကျေးလက်ကျန်းမာရေး ဌာနခုနစ်ခုနှင့် ဒေသန္တရကျန်းမာရေးဌာန နှစ်ခု ထပ်မံဖွင့်လှစ်ပေးခဲ့ပြီး ကျန်းမာရေး ဝန်ထမ်းအင်အား ၄၁၅ ဦး တိုးမြှင့်ခန့်ထားပေးခဲ့သည်။ တိုင်းရင်းဆေးရုံတစ်ရုံ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး တိုင်းရင်းဆေးခန်း ၁၂ခန်းအထိ ရှိလာသည်။ ဒေသအတွင်းမှာပင် သူနာပြုနှင့် သားဖွားဆရာမများ ပေါ်ထွန်းလာစေရေးအတွက် သူနာပြု သင်တန်းကျောင်း တစ်ကျောင်းနှင့် သားဖွားဆရာမ သင်တန်းကျောင်းတစ်ကျောင်း ဖွင့်လှစ်ပေးထားသည်။

နိုင်ငံတော်၏ ကျန်းမာရေးလွှမ်းခြုံ စောင့်ရှောက်ပေးမှုကြောင့် မွန်ပြည်နယ်မှ တိုင်းရင်းသားမိသားစုများ ပိုမို ကျန်းမာကြံ့ခိုင်လာသည့် အခွင့်အရေးကို အခြားပြည်နယ်/တိုင်းများနည်းတူ တစ်ပြေးညီ ရရှိနေကြောင်း အောက်ပါ ကျန်းမာရေးဆိုင်ရာ အညွှန်းကိန်းများက သက်သေပြလျက်ရှိသည်–

အမျိုးအမည်	၁၉၈၈	၁၂–၂–၂၀၀၅	တိုးတက်မှု
ဆေးရုံများတိုးချဲ့မြှင့်တင်မှု	၂၀	၂၈	၈
ကျန်းမာရေးဌာနများ	၇၃	၈၂	၉
ကျန်းမာရေးဝန်ထမ်းများ	**၇၅၆**	**၁၁၇၁**	**၄၁၅**
– ဆရာဝန်	၁၂၁	၁၉၀	၆၉
– သူနာပြု	၁၆၆	၂၉၅	၁၂၉
– ကျန်းမာရေးဆရာမ	၆၀	၆၉	၉
– သားဖွားဆရာမ	၃၂၅	၄၅၁	၁၂၆
– လက်ထောက်ကျန်းမာရေးမှူး(၁)	မရှိ	၁၀	၁၀
– လက်ထောက်ကျန်းမာရေးမှူး	၄၇	၆၁	၁၄
– ကြီးကြပ်(၁)/(၂)	၂၇	၇၈	၅၁
တိုင်းရင်းဆေး			
– တိုင်းရင်းဆေးရုံ	မရှိ	၁	၁
– တိုင်းရင်းဆေးပေးခန်း	၄	၁၂	၈

မြို့ရွာစည်ပင်ဖွံ့ဖြိုးမှု

၁၉၈၈ ခုနှစ်ကထက် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ပိုမိုပြည့်စုံကြွယ်ဝလာသည့် မွန်ပြည်နယ်တွင် မြို့ပြနှင့် ကျေးလက်ဒေသများလည်း ယခင်ကထက် စည်ပင်သာယာလျက်ရှိသည်။ ကျေးရွာချင်းဆက်လမ်းများ၊ ကျေးရွာနှင့်မြို့ ဆက်သွယ်သည့်လမ်းများ ကွန်ရက်သဖွယ် ဆက်နွှယ်ပြီး လမ်းပန်းဆက်သွယ်မှုပိုချောမွေ့လာသည်။

မြို့ပြလမ်း ၁၅၇ မိုင် တိုးလာသဖြင့် ယခု ၃၉၆ မိုင် ၃ ဖာလုံအထိ ရှိနေသည်။ မြို့ပြလမ်းထဲတွင် ကတ္တရာ လမ်း ၁၅၁မိုင် ၇ဖာလုံ ပါဝင်သည်။ လမ်းအင်အားကောင်းလာသလို မြို့ပြတံတားအင်အားလည်း ၈၅၀အထိ ရှိလာသည်။ မြို့ရေပေးလုပ်ငန်း ဆောင်ရွက်ရန်ရှိသည့် ၁၀ မြို့နယ်အနက် ခုနစ်မြို့နယ်တွင် လုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်သည်။

မွန်ပြည်နယ်၌ ကျေးလက်လမ်းအဖြစ် ၁၉၈၈ ခုနှစ်က ၉၇ မိုင်နှစ်ဖာလုံသာရှိခဲ့ရာမှ ယခု ကတ္တရာလမ်း ၈၇ မိုင် ၆ ဖာလုံ အပါအဝင် ၆၂၅မိုင် ၅ဖာလုံ အထိ ရှိလာသည်။ ကျေးလက်တံတား ၅၂၈စင်း ရှိနေသည်။ ကျေးလက်သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ကျေးရွာပေါင်း ၇၈၄ ရွာ ဆောင်ရွက်ရန်ရှိသည့်အနက် ကျေးရွာပေါင်း ၃၈၈ ရွာတွင် လုပ်ငန်းပေါင်း ၅၅၀ ပြီးစီးခဲ့ပြီ။

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး

မွန်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုကို လေ့လာလျှင် နိုင်ငံတော်က တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုကျစ်လျစ် ခိုင်မြဲရေးနှင့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထွန်းကားရေးအတွက် ကဏ္ဍသစ်ဖွင့်လှစ်ပေးနေသည့် နယ်စပ်ဒေသ ဖွံ့ဖြိုး တိုးတက်ရေး စီမံကိန်း၏ အောင်မြင်မှုရလဒ်များကိုလည်း အထင်အရှား တွေ့ရှိရမည်ဖြစ်သည်။

ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသော မွန်ပြည်နယ်မှ တိုင်းရင်းသား မိသားစုများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်ရေးကို ထာဝစဉ်ရှေးရှုပြီး စီမံကိန်းဝင်ဒေသအဖြစ် သတ်မှတ်ကာ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် များဖြင့် မြှင့်တင်ပေးနေသည်။ ထို့အပြင် နယ်စပ်ဒေသမှ တိုင်းရင်းသူများ ကိုယ့်ခွန်ကိုယ်အားဖြင့် ရိုးသားဖြူစင်စွာ အသက်မွေးဝမ်းကျောင်းမှု ပြုနိုင်ရေးအတွက် ရေးမြို့နယ်၌ အိမ်တွင်းမှုသက်မွေးပညာသင်ကျောင်း ဖွင့်လှစ်၍ ပြုစုပျိုးထောင်ပေးလျက်ရှိသည်။

စာမျက်နှာ ၁၁ သို့

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်း အခမ်းအနား ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ပင်းဘောကျေးရွာ၌ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၄

ကချင်ပြည်နယ် မိုးညှင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၁ရက် နံနက် ၈နာရီခွဲတွင် ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့နယ် ပင်းဘောကျေးရွာ ဓမ္မသုခစာသင်တိုက်ကျောင်းရှေ့ကွင်းပြင်၌ ကျင်းပသည်။

အခမ်းအနားသို့ ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ မိုးညှင်းခရိုင်အတွင်းရှိ မိုးညှင်းမြို့နယ်၊ မိုးကောင်းမြို့နယ်၊ ဖားကန့်မြို့နယ်တို့မှ အတွင်းရေးမှူး၊ အလုပ်အမှုဆောင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု စည်းရုံးရေးမှူးများ၊ အမှုဆောင်များ၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများ၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ၊ အသင်းဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မိုးကောင်းမြို့နယ် ပင်းဘောဒေသအတွင်းရှိ ပင်းဘော၊ တောင်နီ၊ နမ္မန၊ ပင့်သာ၊ အုန်းဘောင်၊ သိုက်ဝါးကုန်း၊ အင်ကြင်းကုန်း၊ ပင်းကျိုင်း၊ ပင်လုံ၊ ပဲခူးစု၊ ဗမောက်ကုန်း၊ ရေတွင်းကုန်း၊ ကုန်းတန်းကြီး၊ ပွင့်ဖြူ၊ ထုံးရေပေါက်နှင့် နန့်ခွင်ကျေးရွာများမှ ပြည်သူများ စုစုပေါင်းအင်အား ၃၅၀၀ တို့ တက်ရောက်ကြသည်။

စုရုံးချီတက်

အခမ်းအနားမစတင်မီ စုရပ်အသီးသီးမှ ဟိုပင်မြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဘင်ခရာတပ်ဖွဲ့ ဦးဆောင်သော စစ်ကြောင်းသုံးကြောင်းဖြင့် စုရုံးချီတက်ကြပြီး အခမ်းအနားကျင်းပမည့် ပင်းဘောကျေးရွာ ဓမ္မသုခစာသင်တိုက် ကျောင်းရှေ့ကွင်းပြင်အတွင်းရှိ သတ်မှတ်နေရာ အသီးသီး၌ နေရာယူကြသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် မိုးညှင်းခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစံလင်းက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် မိုးညှင်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဇော်၊ မိုးကောင်းမြို့နယ် အမျိုးသမီးရေးရာ ကော်မတီဝင် ဒေါက်တာ ရီရီသိန်း၊ မိုးညှင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အမှုဆောင် ဒေါ်စန်းစန်းလှနှင့် ပင်းဘောကျေးရွာ ရပ်မိရပ်ဖ ဦးတင်ညွန့်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် မိုးညှင်းမြို့နယ် အင်းလေးကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင် ဒေါ်ကေသီနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် မိုးကောင်းမြို့နယ် ပင်းဘောကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်ပပငွေလင်းတို့က ဆောင်ရွက်ကြသည်။

ထို့နောက် အခမ်းအနားမှူးက အခမ်းအနားစတင် ကျင်းပကြောင်း ကြေညာပြီး တက်ရောက်လာကြသူများက ပြည်ထောင်စုမြန်မာနိုင်ငံတော် အလံအား အလေးပြုကြသည်။

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်း အခမ်းအနားကို ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့နယ် ပင်းဘောကျေးရွာ၌ ကျင်းပစဉ်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြ

ယင်းနောက် သဘာပတိ မိုးညှင်းခရိုင် အတွင်းရေးမှူး ဦးစံလင်းက အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ ဖားကန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း မြို့နယ်အလုပ်အမှုဆောင် ဦးအင်ဖရောင်းဂမ်က ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် မိုးကောင်းမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာမိသန်းနုယဉ်က အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ မိုးညှင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ခရိုင်အလုပ်အမှုဆောင် ဦးဖြိုးစည်က ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မိုးညှင်းခရိုင်အတွင်းရှိ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အလှူငွေများပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ပူးပေါင်း စည်းရုံးဆောင်ရွက်မှုဖြင့် မိုးညှင်းမြို့နယ် ပင့်သာကျေးရွာ ကျေးလက်စိမ့်စမ်းရေသွယ်လုပ်ငန်းအတွက် လှူထုထည့်ဝင်ငွေကျပ် ၁၈သိန်းကို လှူထုကိုယ်စား မိုးညှင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးလမိုင်က မိုးညှင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်သို့ လည်းကောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းစည်းရုံး ဆောင်ရွက်မှုဖြင့် မိုးကောင်းမြို့နယ် နမ္မတီးကျေးရွာ၌ တည်ဆောက်မည့် ကျေးလက်ကတ္တရာလမ်းနှင့် တံတား၊ တိုက်နယ်ဆေးရုံ ခွဲစိတ်ခန်းနှင့် သားဖွားခန်းများအတွက် ဖားကန့်မြို့ ဟိုင်းဂျမ်းကုမ္ပဏီလီမိတက်မှ ဦးရင်ဟိုင်းမိသားစု၏ လှူဒါန်းငွေကျပ် သိန်း ၂၃၀ ကို ဦးရင်ဟိုင်းက မိုးကောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြင့်ထွန်းသို့ လည်းကောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနှင့် ရပ်မိရပ်ဖများ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဖားကန့်မြို့နယ် ဟောင်ပါးကျေးရွာ တွဲဖက်အထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင် ဆောက်လုပ်ရန်အတွက် လှူထုထည့်ဝင်ငွေ ကျပ်သိန်း ၁၂၀ ကို လှူထုကိုယ်စား မိုးညှင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ခရိုင်အလုပ်အမှုဆောင် ဦးမြအုန်းက ဖားကန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုင်းသိန်းထွန်းထံသို့ လည်းကောင်း အသီးသီးပေးအပ်သည်။

ထောက်ခံဆွေးနွေး

ယင်းနောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်း၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ထောက်ခံခြင်းတို့နှင့်စပ်လျဉ်း၍ မိုးကောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးတင်ဌေးက ထောက်ခံဆွေးနွေးတင်ပြသည်။

ထို့နောက် သဘာပတိကပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်း၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ထောက်ခံခြင်း အဆိုများနှင့်စပ်လျဉ်း၍ ပြည်သူလူထု၏ ဆန္ဒသဘောထားရယူပြီး တစ်ခဲနက်ဆန္ဒပြုချက်အရ အစည်းအဝေးက အတည်ပြုဆုံးဖြတ်ကြောင်း ကြေညာသည်။

အောင်မြင်စွာကျင်းပပြီးစီး

ဆက်လက်၍ မျိုးဆက်သစ် ကျောင်းသား ကျောင်းသူလေးများက **'ရာသက်ပန် ပြည်ထောင်စု'** သီချင်းဖြင့် ဂုဏ်ပြုသီဆိုကြပြီး အခမ်းအနားကို ဒို့တာဝန်အရေးသုံးပါး ကြွေးကြော်သံများဖြင့် နံနက် ၉နာရီခွဲတွင် အခမ်းအနားကို အောင်မြင်စွာ ကျင်းပပြီးစီးသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာမျက်နှာ ၁၀ မှ

မွန်ပြည်နယ်၏ အောက်ဖော်ပြပါနယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်မှု အခြေပြဇယားက ငြိမ်းချမ်းသောရင်ခွင်သို့ ပြန်လည်ခိုဝင်လာသော တိုင်းရင်းသားမိသားစုများကို ရင်ခွင်ပိုက်၍ အမြိုက်ဆေး တိုက်ကျွေးနေသော နိုင်ငံတော်၏ စေတနာသဒ္ဒါကို ထင်ရှားစွာ ဖော်ညွှန်းနေပေသည်-

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
လမ်းတံတား			
- မြေလမ်းမိုင်	မရှိ	၁၉၈/၆	၁၉၈/၆
- ကျောက်လမ်းမိုင်	မရှိ	၈၇/၅	၈၇/၅
- ကတ္တရာလမ်းမိုင်	မရှိ	၇/၂	၇/၂
- တံတား(ကြီး/ငယ်)	မရှိ	၇/၃၁	၇/၃၁
ကျန်းမာရေး			
- ဆေးရုံ/ဆေးပေးခန်း	မရှိ	၅	၅
ပညာရေး			
- (ထက်/လယ်/မူ)ကျောင်း	မရှိ	၁၈	၁၈
- ဆရာ၊ဆရာမဦးရေ	မရှိ	၃၆၄	၃၆၄
- ကျောင်းသားဦးရေ	မရှိ	၁၂၃၂၀	၁၂၃၂၀
စိုက်ပျိုးရေးစခန်း	မရှိ	၄	၄
- တူးမြောင်း	မရှိ	၁	၁
စွမ်းအင်			
- လျှပ်စစ်မီးစက်	မရှိ	၁	၁
- မီးလင်းသည့်မြို့	မရှိ	၁	၁
ပြည်သူ့ဆက်ဆံရေး			
- ရုပ်/သံလွှင့်စက်ရုံ	မရှိ	၃	၃
ဆက်သွယ်ရေး			
- တယ်လီဖုန်းလုပ်ငန်း	မရှိ	၂	၂
အကုန်အကျခံသုံးစွဲမှု	**မရှိ**	**၂၇၇၈.၀၈**	**၂၇၇၈.၀၈**
- ဖွံ့ဖြိုးရေးရန်ပုံငွေ	မရှိ	၉၂၁.၈၉	၉၂၁.၈၉
- ဝန်ကြီးဌာနများ	မရှိ	၁၈၅၆.၁၉	၁၈၅၆.၁၉

* **ကျပ်(သန်း)**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး

နိုင်ငံတော်က တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးကို အသိပညာ မြင့်မားသော လူမျိုး၊ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်သူ ပြည်သူများဖြစ်အောင် အားပေးမြှင့်တင်ပေးလျက်ရှိရာတွင် ပြန်ကြားရေး ကဏ္ဍဖြင့်လည်း မြေတောင်မြှောက် ပျိုးထောင်ပေးလျက်ရှိသည်။ စည်းလုံးချစ်ကြည် ရွှေပြည်သစ်ဆီသို့ တက်ညီလက်ညီ ချီတက်ကြရာတွင် နိုင်ငံတော်၏ မွန်မြတ်သောစေတနာမှန်ဖြင့် ဆောင်ရွက်မှုများနှင့် ပြည်ထောင်စုကြီးတစ်ခုလုံး၏ ဖွံ့ဖြိုးတိုးတက်မှု ရလဒ်ကောင်းများကို တိုင်းရင်းသားပြည်သူများ မျှဝေခံစား ပီတိပွားနိုင်စေရန်အတွက် မွန်ပြည်နယ်၏ ပြန်ကြားရေးကဏ္ဍကို အောက်ပါအတိုင်း တိုးမြှင့်ဆောင်ရွက်ပေးနေသည်-

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
- ရုပ်သံထပ်ဆင့်လွှင့်စက်ရုံများ	၁	၄	၃
- ပြန်/ဆက်ရုံးများ	မရှိ	၁၁	၁၁
- ပြန်/ဆက်စာကြည့်တိုက်များ	၅	၁၁	၆
- ဌာနဆိုင်ရာစာကြည့်တိုက်	မရှိ	၁	၁
- ကျေးလက်စာကြည့်တိုက်	မရှိ	၅၄၈	၅၄၈
- e-Library	မရှိ	၉	၉

မြန်မာ့ရုပ်မြင်သံကြား

၅-၂-၂၀၀၅
(စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ အတီးပြိုင်ပွဲ
- ၈:၀၅ ၆။ တေးဂီတအစီအစဉ်
- ၈:၁၅ ၇။ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ်
- ၈:၂၅ ၈။ စစ်ကိုင်းတိုင်း ပုထိုးလုံးတံတား
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ Grammar made Easy

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
- ၁၁:၃၀ ၃။ ပြည်တွင်းသတင်း
- ၁၁:၄၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ်
- ၁၂:၁၀ ၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **'ချစ်ပန်းမေတ္တာ(အပိုင်း-၈)**
- ၁၂:၄၅ ၆။ **'အရဏ်ဦး၏ပုံရိပ်များ'** (ကျော်ရဲအောင်၊ မေသဥ္ဓာဦး၊ သင်းသင်းယုလှိုင်) (ဒါရိုက်တာ-မောင်ဝဏ္ဏ)
- ၁၃:၄၅ ၇။ International News

ညပိုင်း

- ၁၄:၅၀ ၁။ ၂၀၀၅ ခုနှစ် ရွှေရတုနှစ်(၅၀) မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း အမျိုးသား (အလွတ်တန်း)ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်**(ပထမအကြိုဗိုလ်လုပွဲ)**
- ၁၆:၄၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၅၅ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၁၇:၁၀ ၄။ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၁၇:၂၅ ၅။ ချစ်စရာအရွယ်ကစားကြမယ်
- ၁၇:၅၀ ၆။ ဒုတိယအကြိမ် အနာကြီးရောဂါကင်းဝေးရေး အထိမ်းအမှတ်နေ့ ဆွေးနွေးခန်း
- ၁၈:၀၅ ၇။ Discovery
- ၁၈:၁၅ ၈။ အမျိုးသားညီလာခံဂုဏ်ပြုတေး
- ၁၈:၃၀ ၉။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၀။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ကြိုးသွယ်တဲ့ လင်းပိုင်ငယ်"** (အပိုင်း-၅၁)
- ၁၉:၃၅ ၁၂။ **(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ်**
- ၁၃။ **ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရှင့်သန်နိုင်မာရန်မှာဒို့ဝန်တာ 'သဇင်ပွင့်လန်း ခမ်းနားဝေစည် ရခိုင်တို့ဌာနီ'**
- ၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်သံသရာ"**(အပိုင်း-၁၅)

တရားပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၄

သဃ်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏမြို့ (၂၉)ရပ်ကွက်လုံးဆိုင်ရာ ဒုတိယအကြိမ်တရားပွဲကို ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့ရှိ ဓမ္မသဘင်၌ ဖေဖော်ဝါရီ ၆ ရက်မှ ၈ ရက်အထိ ညစဉ် ၇ နာရီမှစ၍ ကျင်းပမည်ဖြစ်ရာ ၆ ရက်တွင် ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်ဘုရားဝင်းရှိ သီရိမင်္ဂလာကျောင်းမှ နယ်လှည့်သာသနာပြုဓမ္မကထိက ဘဒ္ဒန္တဉာဏိဿရကလည်းကောင်း၊ ၇ ရက်တွင် မင်းကွန်းတောင်ရိုးရှိ ဓမ္မနာဒကျောင်းတိုက်မှ တိပိဋကဓရတိပိဋကကောဝိဒ ဘဒ္ဒန္တ ဂန္ဓမာလာလင်္ကာရ(ရွှေစင်)ကလည်းကောင်း၊ ၈ ရက်တွင် ဒဂုံမြို့သစ် (တောင်ပိုင်း)ရှိ မိုးညှင်းသိင်္ဂီကျောင်းတိုက်မှ နယ်လှည့်သာသနာပြုဓမ္မကထိက ဘဒ္ဒန္တဇေယျပဏ္ဍိတ (ပိုင်းလော့ဆရာတော်)က လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားတော်မူကြမည်ဟု သိရသည်။ **(က-ပ)**

ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနား ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ကွမ်းမိုးဒိန်းစံပြကျေးရွာ၌ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၄

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်း အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်တိုင်း ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ကွမ်းမိုးဒိန်းစံပြကျေးရွာရှိ တလင်းကွင်း၌ ကျင်းပရာ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ရန်ကုန်တောင်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ခရိုင်အတွင်းရှိ သန်လျင်၊ ကျောက်တန်း၊ သုံးခွ၊ ခရမ်း၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ဒလ၊ ဆိပ်ကြီးခနောင်တိုနှင့် ကိုကိုးကျွန်း မြို့နယ်တို့မှမြို့နယ်အသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ ရပ်ကွက်၊ကျေးရွာအုပ်စုများမှ စည်းရုံးရေးမှူးများ၊ အမှုဆောင်များ၊ အသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံ ပြည်သူများ စုစုပေါင်းအင်အား ၅၀၀၀ကျော် အင်တိုက်အားတိုက် တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

ဆောင်ရွက်

အခမ်းအနားတွင် သဘာပတိအဖြစ် ရန်ကုန်တောင်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးလွင်ဦးက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ခရမ်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဦးသန့်ဇင်၊ ခရမ်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းသန်း၊ ခရမ်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အလုပ်အမှုဆောင် ဒေါ်လှလှမော်နှင့် ကွမ်းမိုးဒိန်းစံပြကျေးရွာ ရပ်မိရပ်ဖ ဦးမြင့်ဦးတို့က ဆောင်ရွက်ကြကာ အခမ်းအနားမှူးအဖြစ် သုံးခွမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ခင်မြတ်စုနှင့်တွဲဖက်အခမ်းအနားမှူးအဖြစ် ခရမ်းမြို့နယ် အမှတ်(၅)ရပ်ကွက် အမှုဆောင် ဒေါ်ကျော့ကေခိုင်တို့က ဆောင်ရွက်ကြသည်။

နိုင်ငံတော်အလံအလေးပြု

ထို့နောက် အခမ်းအနားမှူးက အခမ်းအနားစတင်ကြေညာပြီး တက်ရောက်လာကြသူများက စင်မြင့်ထက်၌ လွင့်ထူထားသော ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

ယင်းနောက် သဘာပတိ ရန်ကုန်တောင်ပိုင်းခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူးဦးလွင်ဦးက အမှာစကားပြောကြားသည်။

တင်ပြဆွေးနွေး

ဆက်လက်၍ ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့်စပ်လျဉ်း၍ တွံတေးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာသိန်းဇော်မြင့်က လည်းကောင်း၊ အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်း၍ ရန်ကုန်တောင်ပိုင်းခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်မိုးမိုးအိက လည်းကောင်း၊ ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရန်ကုန်တောင်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးတင်လင်းက လည်းကောင်း တင်ပြဆွေးနွေးကြပြီး တင်ပြချက်များအပေါ် ခရမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြင့်ဦးက ထောက်ခံဆွေးနွေးသည်။

အတည်ပြုချက်ရယူ

ယင်းနောက် သဘာပတိက ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်း၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ထောက်ခံခြင်းနှင့်စပ်လျဉ်း၍ တက်ရောက်လာကြသော ပြည်သူလူထု၏ အတည်ပြုချက်ကိုရယူပြီး အခမ်းအနားကို ကြွေးကြော်သံများဖြင့် နံနက် ၉ နာရီတွင် အောင်မြင်စွာ ကျင်းပပြီးစီးသည်။ **(သတင်းစဉ်)**

စွန်းလွန်းဂူကျောင်းတိုက်ဆရာတော်ဓမ္မခရီးလှည့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၄

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် (၁၆/၂)ရပ်ကွက် စွန်းလွန်းဂူဝိပဿနာကျောင်းတိုက် ပဓာနနာယကဆရာတော် အရှင်သုန္ဒရ(တိပိဋကရေတိပိဋကကောဝိဒ)သည် ဖေဖော်ဝါရီ ၆ရက်တွင် တောင်ဥက္ကလာပမြို့နယ် ၁၃ရပ်ကွက် မလွန်ဆန်လှူတရားပွဲ၌ လည်းကောင်း၊ ၇ရက်တွင် ကိုးထပ်ကြီးဘုရား နှစ်(၁၀၀)ပြည့် ဓမ္မသဘင်တရားပွဲ၌လည်းကောင်း၊ ၁၀ရက်တွင် လှိုင်သာယာမြို့နယ် မြေတိုင်း(၁၃) အဌမအကြိမ် ဓမ္မပူဇနိယပွဲတော်၌ လည်းကောင်း၊ ၁၂ရက်တွင် လှိုင်သာယာမြို့နယ် ရပ်ကွက်ကြီး(၂) မြေတိုင်း၆/၇ ၌ လည်းကောင်း၊ ၁၆ ရက်တွင် လှိုင်သာယာမြို့နယ် (၁၂)ရပ်ကွက် ကံသာယာလမ်း ဗုဒ္ဓပူဇနိယပွဲတော်၌ လည်းကောင်း၊ ၁၈ရက်တွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း) အေးမြချမ်းသာမဟာစည်သာသနာ့ရိပ်သာ သိမ်ဓမ္မာရုံ၌လည်းကောင်း၊ ၂၁ ရက်တွင် ဗဟန်းမြို့နယ် ဂွတ္တလစ်ဦးချစ်မောင်လမ်း၌ လည်းကောင်း၊ ၂၂ ရက်တွင် ပုသိမ်မြို့ အောင်မြေသစ္စာစေတီတော် ထီးတော်တင်ပွဲ၌လည်းကောင်း တရားဓမ္မ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၁၂၄၆၈)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ၊ ရသ စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

ပြည်ထောင်စုနေ့ကို ဂုဏ်ပြု၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံ စစ်ကိုင်းတိုင်း မြင်းမူမြို့နယ် ဝမ်းပြည့်ကျေးရွာ၌ အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၄

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီတွင် စစ်ကိုင်းတိုင်း စစ်ကိုင်းခရိုင် မြင်းမူမြို့နယ် ဝမ်းပြည့်ကျေးရွာ၌ကျင်းပရာ စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးငွေအောင်နှင့် အလုပ်အမှုဆောင်များ၊ စစ်ကိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမျိုးမြင့်နှင့် အလုပ်အမှုဆောင်များ၊ စစ်ကိုင်း၊ မြင်းမူ၊ မြောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ မြင်းမူမြို့နယ်ရှိ ရပ်ကွက်နှင့်ကျေးရွာများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူးများ၊ အမှုဆောင်များနှင့် အသင်းဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များနှင့် ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၃၂၅၄ ကျော်တို့ အင်တိုက်အားတိုက် တက်ရောက်ကြသည်။ (အပေါ်ပုံ)

သဘာပတိ

အခမ်းအနားတွင် သဘာပတိအဖြစ် စစ်ကိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမျိုးမြင့်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် စစ်ကိုင်းခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဒေါ်မြင့်မြင့်ကြည်၊ ခရိုင်အမျိုးသမီးရေးရာကော်မတီမှ ဒေါ်တင်တင်၊ ခရိုင် စစ်မှုထမ်းဟောင်း အဖွဲ့မှ ဗိုလ်ကြီးခင်မောင်ဦး(ငြိမ်း)နှင့် မြို့မိမြို့ဖဦးစံလွင်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် မြင်းမူ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်သန်းသန်းမြင့်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် မြို့နယ်အလုပ်အမှုဆောင်ဒေါ်မာလာထွန်းတို့က ဆောင်ရွက်ကြသည်။

အလေးပြု

ထို့နောက် အခမ်းအနားမှူးက အခမ်းအနား စတင်ကျင်းပကြောင်း ကြေညာပြီး တက်ရောက်လာသူများက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

အမှာစကားပြော

ယင်းနောက် သဘာပတိ ဦးမျိုးမြင့်က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့်စပ်လျဉ်း၍ စစ်ကိုင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဒေါ်ချိုချိုဝင်းက လည်းကောင်း၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်း၍ စစ်ကိုင်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ ဦးမြင့်အောင်ကလည်းကောင်း၊ စစ်ကိုင်းခရိုင်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို မြောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်မြင့်မြင့်စန်းကလည်းကောင်း တင်ပြကြသည်။

အဆိုပါ တင်ပြချက်များနှင့်ပတ်သက်၍ မြင်းမူမြို့နယ် မြို့မိမြို့ဖ ဦးတင်ဝင်းက ထောက်ခံဆွေးနွေးသည်။ ထို့နောက် သဘာပတိ ဦးမျိုးမြင့်က ပြည်သူလူထုထံမှ အတည်ပြုချက်ရယူပြီး ဆုံးဖြတ်ချက် ချမှတ်ကြောင်း ကြေညာသည်။

ဂုဏ်ပြုသီဆိုဖျော်ဖြေ

ထို့နောက် မြင်းမူမြို့နယ် ဝမ်းပြည့်ကျေးရွာမှ ကျောင်းသားကျောင်းသူများက ဂုဏ်ပြုတေးများဖြစ်သော **'ရာသက်ပန်ပြည်ထောင်စု'** နှင့် **'ပြည်မြန်မာ'** သီချင်းတို့ဖြင့် ဂုဏ်ပြုသီဆို ဖျော်ဖြေကြပြီး အခမ်းအနားကို နံနက် ၉နာရီတွင် ကြွေးကြော်သံများဖြင့် အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် မလိကျွန်း ပုလဲထုတ်လုပ်ရေးစခန်း၌ ပုလဲဝတ်ဆံသွင်းခြင်းအား ကြည့်ရှုစစ်ဆေးစဉ်။ (သတ္တုတွင်း)

မိုင်းနောင်မြို့နယ်အတွင်း ဗုဒ္ဓရုပ်ပွားတော် ၁၄၇ ဆူ ပင့်ဆောင်ပူဇော်

ရန်ကုန် ဖေဖော်ဝါရီ ၄

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းနောင်မြို့နယ် ဝမ်ဆင်းကျေးရွာမှ ဒေသခံပြည်သူများ ပူဇော်ကိုးကွယ်ရန်အတွက် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ တတိယအကြိမ် ဒါနပြုလှူဒါန်းသည့် ဗုဒ္ဓရုပ်ပွားတော်များ ပင့်ဆောင်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၃၀ရက် နံနက် ၉နာရီက ဝမ်ဆင်းကျေးရွာ ဓမ္မာရုံ၌ကျင်းပရာ ဝမ်ဆင်းကျေးရွာ သီရိဇေယျာမင်္ဂလာကျောင်းဆရာတော် ဦးဥဇ္ဇောတအမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး မိုင်းနောင်တပ်နယ်မှ ဗိုလ်မှူးချုပ်သောင်းအေးနှင့် ဇနီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဧည့်ပရိသတ်များက အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး သီရိဇေယျာမင်္ဂလာကျောင်းဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြ၍ ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ပင့်ဆောင်

ထို့နောက် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်ချုပ်မိုးဟိန်းနှင့် ဇနီးဒေါ်သန့်ဇင်မြင့်တို့က နှစ်ဖက်မိဘများအမှူးထား၍ တတိယအကြိမ်ဒါနပြု စုပေါင်းလှူဒါန်းသည့် ဗုဒ္ဓရုပ်ပွားဆင်းတုတော် ၁၂၆ဆူနှင့် မိုင်းနောင်တပ်နယ်မှ ဒါနပြုလှူဒါန်းသည့် ဗုဒ္ဓရုပ်ပွားတော် ၂၁ဆူ စုစုပေါင်း ဗုဒ္ဓရုပ်ပွားတော် ၁၄၇ ဆူကို အလှူရှင်များကိုယ်စား မိုင်းနောင်တပ်နယ်မှ ဗိုလ်မှူးချုပ်သောင်းအေးနှင့် ဇနီး ဒေါ်သင်းမျိုးမျိုးအောင်နှင့် တာဝန်ရှိသူများက ဝမ်ဆင်းကျေးရွာမှ ဒေသခံပြည်သူများ ပူဇော်ကိုးကွယ်ရန်အတွက် ပင့်ဆောင်ပေးကြသည်။

ယင်းနောက် ဆရာတော်များက ဗုဒ္ဓရုပ်ပွားတော်များအား အနေကဇာတင်တော်မူကြပြီးနောက် ဧည့်ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အရည်အသွေးကောင်းသည့်အဆင့်မီပုလဲများထုတ်လုပ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအလေးထားဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၄

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ဇန်နဝါရီ ၂၈ ရက် နံနက်ပိုင်းတွင် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်တိုးလိုက်ပါလျက် တနင်္သာရီတိုင်း မြိတ်မြို့သို့ရောက်ရှိလာရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဆက်လက်၍ ဝန်ကြီးသည် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်တွေ့ဆုံ၍ ပုလဲထုတ်လုပ်ရေးနှင့်သတ္တုကဏ္ဍ တိုးတက်ရေး ညှိနှိုင်းဆွေးနွေးသည်။ ထို့နောက် တာဝန်ရှိသူများ လိုက်ပါလျက် ရေယာဉ်ဖြင့်ထွက်ခွာလာရာ ပုလောမြို့နယ် မလိကျွန်းပုလဲထုတ်လုပ်ရေးစခန်းသို့ မွန်းလွဲပိုင်းတွင် ရောက်ရှိသည်။ ဝန်ကြီးသည် မလိကျွန်း ဖွံ့ဖြိုးတိုးတက်မှုကို လှည့်လည်ကြည့်ရှုပြီး ပုလဲမွေးမြူရေးစခန်းအတွင်း မုတ်ကောင်မွေးမြူထားရှိမှု Long Line စနစ်သစ်ဖြင့် မွေးမြူအောင်မြင်မှုကို ကြည့်ရှုစစ်ဆေးသည်။

အလေးထားဆောင်ရွက်

ဝန်ကြီးနှင့်အဖွဲ့သည် ဇန်နဝါရီ ၂၉ ရက် နံနက်ပိုင်းတွင် ဒုံးပုလဲအော်သို့ ထွက်ခွာခဲ့ရာ မွန်းလွဲပိုင်းတွင် ရောက်ရှိပြီး အရည်အသွေးကောင်းသည့် အဆင့်မီပုလဲများထုတ် လုပ်သွားရန်၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အလေးထား ဆောင်ရွက်သွားရန် မှာကြားသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ဇန်နဝါရီ ၃၀ ရက် မွန်းလွဲပိုင်းတွင် ဒိုမယ်ကျွန်းသို့ ရောက်ရှိခဲ့ရာ မြန်မာ တာဆာကီ ကုမ္ပဏီလီမိတက် တာဝန်ရှိသူများက မုတ်ကောင်ဝတ်ဆံသွင်းခြင်း၊ မုတ်ကောင်မှ ပုလဲဖော်ယူထုတ်လုပ်မှုနှင့် ငါးကြိမ်မြောက် စီးပွားဖြစ်ပုလဲများ ဖော်ယူပြီးစီးမှု အခြေအနေများကို လိုက်လံရှင်းလင်းတင်ပြသည်။

တိုးတက်ထုတ်လုပ်

ဝန်ကြီးက ရရှိပြီးသော အောင်မြင်မှု အရှိန်အဟုန်ကို တည်ငြိမ်အောင် ဆက်လက်ထိန်းသိမ်းပြီး အရည်အသွေး ကောင်းမွန်သည့်ပုလဲများကို တိုးတက်ထုတ်လုပ်သွားရန်နှင့်အဆင့်မြင့်နည်းပညာများအား မြန်မာပညာရှင်များသို့ ဖြန့်ဝေပေးသွားရန် မှာကြားသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် ဇင်ယော်ကျွန်းသို့ ရောက်ရှိရာ အရှေ့တိုင်း ပုလဲကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများက နှစ်အလိုက်မုတ်ကောင်သားပေါက်များ အဆင့်ဆင့်မွေးမြူထားရှိမှုကို လိုက်လံပြသပြီး မုတ်ကောင်မှ ပုလဲထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ဇန်နဝါရီ ၃၁ ရက် နံနက်ပိုင်းတွင် ပုလဲကျွန်းသို့ရောက်ရှိရာ မြန်မာ့ပုလဲ ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် စခန်းမန်နေဂျာတို့က စခန်းအတွင်း လိုက်လံပြသရှင်းလင်းသည်။ ထို့နောက် ဝန်ကြီးသည် ပုလဲရတနာခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဝန်ထမ်းများ ရိုးသားကြိုးစား၍ ရည်မှန်းချက်အောင်မြင်အောင် ဆောင်ရွက်ရေး၊ ပုလဲဌာနမှ ပုလဲအလုံးရေ တစ်သိန်းထုတ်လုပ်ရန် စီမံဆောင်ရွက်ရေး၊ ဆုပေးဒဏ်ပေးစနစ် ထိရောက်စွာ ကျင့်သုံးရေး၊ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး၊ သားသမီးများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အလေးထား ဆောင်ရွက်ပေးရန် မှာကြားပြီး ထူးချွန်သူများအား ဆုများချီးမြှင့်သည်။

အလှူငွေများလှူဒါန်း

ထို့နောက် ဆေးပေးခန်းသို့ သွားရောက်၍ သားဖွားခန်း၊လူနာခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ ဆေးပဒေသာပင်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။ ဆက်လက်၍ အခြေခံပညာအထက်တန်း ကျောင်းခွဲသို့ရောက်ရှိ၍ ကွန်ပျူတာခန်း၊အော်ဒီယိုလဒ်၊စာသင်ဆောင်များအတွင်း သင်ကြားမှု သင်ယူမှု အထောက်အကူပစ္စည်းများအသုံးပြု၍ သင်ကြားနေမှုများကို ကြည့်ရှုအားပေး၍ ဆရာ၊ ဆရာမများအတွက် ထောက်ပံ့ငွေ၊ ကျောင်းသား ကျောင်းသူများ အတွက် စာရေးကိရိယာနှင့် ကလေးများ အတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဝန်ကြီးနှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၁ ရက်နံနက်ပိုင်းတွင် ပုလဲကျွန်းစခန်း ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ပြီး ဆရာတော်ဦးနန္ဒသီဟအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင်များနှင့်တွေ့ဆုံ၍ စည်းရုံးရေးကိစ္စ၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် လမ်းစဉ်(၇)ရပ် အောင်မြင်ရေးများ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည် ဖေဖော်ဝါရီ ၂ရက်တွင် ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေး ဦးစီးဌာနမှ တနင်္သာရီတိုင်းအတွင်း သံသတ္တုရှာဖွေတွေ့ရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

ကွင်းကောက် အထက အာစရိယပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၄

ဧရာဝတီတိုင်း အင်္ဂပူမြို့နယ် ကွင်းကောက်မြို့ အခြေခံပညာ အထက်တန်းကျောင်းတွင် ပညာသင်ကြားပေးခဲ့သော အငြိမ်းစား ဆရာကြီးများအား သတ္တမအကြိမ်မြောက် ပူဇော်ကန်တော့ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်(စနေနေ့)၌ အထက ကွင်းကောက်တွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့်အလှူငွေများ ထည့်ဝင်ကြရန် နှိုးဆော်ထားကြောင်းသိရသည်။ **(က-ပ)**

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် အမျိုးသမီးလက်ဝှေ့သမားများအား စခန်းသွင်းလေ့ကျင့်

ရန်ကုန် ဖေဖော်ဝါရီ ၄

၂၀၀၅ ခုနှစ် နိုဝင်ဘာလအတွင်း ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပမည့် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ အမျိုးသမီးအပျော်တမ်းလက်ဝှေ့ပြိုင်ပွဲ (Woman Boxing) ကို ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ လက်ဝှေ့ပြိုင်ပွဲ၌ အမျိုးသမီးလက်ဝှေ့ အားကစားသမားများ ပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် အနေဖြင့် အတွေ့အကြုံရှိ အမျိုးသမီးလက်ဝှေ့အားကစားသမား ခြောက်ဦးအား ခေါ်ယူ၍ စခန်းသွင်း စမ်းသပ်လေ့ကျင့်ပေးလျက်ရှိသည်။

ဆက်သွယ်စုံစမ်းနိုင်

အပျော်တမ်းလက်ဝှေ့အားကစားကို စိတ်ပါဝင်စားသူ အမျိုးသမီးများ သင်ကြားလေ့ကျင့်လိုပါက မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်(သုဝဏ္ဏလူငယ်လေ့ကျင့်ရေးစခန်း)သို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း- ၀၁-၅၇၁၀၅၇၊ ၀၁-၅၇၁၀၅၃ တို့သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ကြိုဆိုနေရာချထားရေးဆပ်ကော်မတီစည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၄

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး၊ ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ၏ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁၂နာရီခွဲတွင် ဘုရင့်နောင် အမှတ်(၁) စစ်ကြောရေးနှင့်တည်းခိုရေး စခန်းရှိ အစည်းအဝေးခန်းမ၌ကျင်းပရာ (၅၈) နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး၊ ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တပ်နယ်မှူး တပ်မတော်မှတ်တမ်းရုံး တပ်မှူး ဗိုလ်မှူးချုပ်မျိုးမြင့်နှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီဝင်များ တက်ရောက်ကြသည်။

အမှာစကားပြော

အစည်းအဝေးတွင် ရှေးဦးစွာ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး၊ ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မျိုးမြင့်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး၊ ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ တွဲဖက်အတွင်းရေးမှူး ဗိုလ်မှူးမြင့်ထွန်းက လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လုပ်ငန်းအဖွဲ့ငယ် ကိုယ်စားလှယ်များက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဆွေးနွေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

အထက(၁)တာမွေ မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၄

အထက(၁)တာမွေ မြတ်ဆရာပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ရက် (ပြည်ထောင်စုနေ့)မွန်းလွဲ ၁နာရီတွင် ပင်လုံခန်းမ၌ကျင်းပမည်ဖြစ်သည်။ နှစ်စဉ်ဖိတ်ကြားထားသော ဆရာ ဆရာမများ၊ အသက်ကန့်သတ်ချက်ညီ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ အားလုံး တက်ရောက်ကြရန်နှင့် အလှူငွေများလှူဒါန်းလိုပါက မတိုးတိုးခိုင် ဖုန်း- ၀၉၅၁-၀၉၄၇၄၊ မမြတ်မြတ်ခိုင် ဖုန်း-၅၄၀၃၄၂၊ ဗိုလ်ကြီးသန်းဇော်ဝင်း ဖုန်း-၅၅၇၃၆၄၊ ကိုသက်နိုင်-မမီမီစိုး ဖုန်း-၇၀၅၃၉၆၊ ကိုစန်းမြင့် ဖုန်း- ၀၉၈၀-၃၄၉၈၂၊ ကိုလွင်မြင့် ဖုန်း-၀၉၅၁-၁၇၀၄၈၊ ကိုဖြိုးစည်လွင် ဖုန်း-၀၉၅၀-၀၈၃၉၈၊ မနီနီလေးမြင့် ဖုန်း-၅၇၇၁၃၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ပဲခူးအသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၄

ပဲခူးအသင်း(ရန်ကုန်)၏ ၂၀၀၃-၂၀၀၄ခုနှစ် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို မတ်၂၆ရက် (စနေနေ့) မွန်းတည့်၁၂နာရီတွင် ဈေးကြီးဆန်လှူအသင်း ပဲခူးမြို့၌ ကျင်းပမည်ဖြစ်ရာ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနားကိုပါ ပူးတွဲကျင်းပမည်ဖြစ်သည်။ ပညာရည်ချွန်ဆု ချီးမြှင့်ရန်အတွက် ၂၀၀၃- ၂၀၀၄ ပညာသင်နှစ်များတွင် အခြေခံပညာအထက်တန်း စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့သော အသင်းသား အသင်းသူများ၏ သားသမီးများစာရင်းကို မတ်၁၁ရက်(သောကြာနေ့)ညနေ၄နာရီ နောက်ဆုံးထား၍ ပေးပို့ကြရန်နှင့် သက်ကြီးပူဇော်ပွဲအတွက် လှူဒါန်းလိုသူများ၊ ပညာရေးငွေပဒေသာပင် စိုက်ထူလှူဒါန်းလိုသူများသည် မတ်၁၁ရက် (သောကြာနေ့) နောက်ဆုံးထား၍ ဦးညွန့်ဇော် ဥက္ကဋ္ဌ ဖုန်း-၀၁-၅၃၆၄၆၄၊ ဦးအေးမောင် ဒုတိယဥက္ကဋ္ဌ ဖုန်း-၀၁-၅၁၁၈၀၉၊ ဦးဟန်ကြူ ဒုတိယဥက္ကဋ္ဌ ဖုန်း-၀၅၂-၂၂၅၀၉၊ ဦးဝင်းမြင့် အတွင်းရေးမှူး ဖုန်း-၀၁- ၂၉၂၅၃၆၊ ဦးမောင်မောင် တွဲဖက်အတွင်းရေးမှူး ဖုန်း-၀၅၂-၂၂၈၀၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(၁၇၃)**

အင်အားအသင့်အတင့် မြေငလျင်တစ်ခုလှုပ်ရှား

ရန်ကုန် ဖေဖော်ဝါရီ ၄

ယနေ့မြန်မာစံတော်ချိန် ၀၂ နာရီ ၄၃ မိနစ် ၂၀ စက္ကန့်တွင် မန္တလေးမြေငလျင်စခန်း၏ မြောက်ဘက်မိုင် ၄၀၀ခန့် ကွာဝေးသော နေရာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၅ဒသမ၃ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနက ယနေ့ထုတ်ပြန်သည်။

ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး ရေနံချောင်းမြို့နယ်တွင် အလှူရှင်စက်ရေတွင်းဖွင့်

ရေနံချောင်း ဖေဖော်ဝါရီ ၁

ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး စီမံချက်အရ ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သည့် နှစ်လက်မအလှူရှင် စက်ရေတွင်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၉ရက် နံနက် ၈ နာရီက အုတ်ရှစ်ကုန်းကျေးရွာ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စိုးလွင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ)

အမှာစကားပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိက စက်ရေတွင်းနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

အဆိုပါ စက်ရေတွင်းမှာ တစ်နာရီ ရေဂါလန် ၇၀၀ထွက်ရှိပြီး စုစုပေါင်းငွေကျပ် ၈၀၀၀၀၀ အကုန် အကျခံကာ ရန်ကုန်မြို့ လမ်းမတော် (၂)လမ်း အမှတ် ၅၈ မှ ဒေါ်ခင်ရီမိသားစုနှင့် ရန်ကုန်မြို့ (ရှစ်မိုင်) ဆည်မြောင်းဝန်ထမ်းအိမ်ရာမှ ဒေါ်တင်ကြည်၊ သမီးဒေါ်တင်တင်အေး မိသားစုတို့က ပေးအပ်လှူဒါန်းကြောင်း သိရသည်။

(မြို့နယ် စည်ပင်)

ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

ပင်းတယမြို့နယ် ရွာငယ်တံတား သစ်သားခင်းရန် ပန္နက်တင်ပွဲ ကျင်းပ

ပင်းတယ ဇန်နဝါရီ ၁၂

ပင်းတယမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့် ပင်းတယ-ရွာငယ် ကျေးရွာသွားလမ်းပေါ်တွင် တည်ရှိသော ရွာငယ်တံတား အရှည် ၈၅ပေ၊ အကျယ် ၂၄ပေ၊ အမြင့် ၃၂ပေရှိအောက်ခံသံကူကွန်ကရစ်အရှည်တိုင်နှင့် ရက်မအပေါ်ကြမ်းခင်း သစ်သားခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန် ပန္နက်တင်ပွဲ အခမ်းအနားကို ဒီဇင်ဘာ၉ရက်က ကျင်းပရာ ရှမ်းပြည်နယ် (တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီးဦးဗျားနို၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်(၁) မြို့နယ်ရဲတပ်ဖွဲ့မှူးတို့က ပန္နက်တင်ခြင်းဆောင်ရွက်ကြသည်။ **(နယ်စပ်/စည်ပင်)**

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဟုမ္မလင်းမြို့ အောင်ဆန်းလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၂ ရက်က အဆိုပါလမ်းထိပ်မုခ်ဦး၌ ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းနိုင်နှင့်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

ရေစကြိုမြို့နယ်တွင် မြတ်ပန်းရဂုံ စာကြည့်တိုက်ဖွင့် စာရေးဆရာများက စာပေရေးရာများဟောပြော

ရေစကြို ဖေဖော်ဝါရီ ၂

မကွေးတိုင်းရေစကြိုမြို့နယ် အောင်ပန်းချောင်းကျေးရွာတွင် မြတ်ပန်းရဂုံ စာကြည့်တိုက်ဖွင့်ပွဲနှင့် စာပေဟောပြောပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၃ ရက်က ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ စာကြည့်တိုက်အလှူရှင် ရန်ကုန်မြို့မှ မြတ်ပန်းရဂုံ စာပေတိုက်ပိုင်ရှင် ဦးအောင်ကျော်ထူး၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးပေါက်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးတို့က စာကြည့်တိုက် အဆောက်အအုံအား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

ဆက်လက်၍ စာရေးဆရာများဖြစ်ကြသော ကျိုက်လတ်မိုးမြင့်၊ ရေနံမြေမောင်မောင်ကြည်၊ ရဲဘော်ကျော်ဆန်း၊ ကြယ်တစ်လုံး (အသံတု) နှင့် အောင်ပန်းချောင်းသား (ရေစကြို) တို့က စာပေရေးရာများ ဟောပြောကြသည်။ မြတ်ပန်းရဂုံစာပေတိုက်သည် စာကြည့်တိုက် အဆောက်အအုံအပြင် ငွေကျပ်နှစ်သိန်းတန်ဖိုးရှိ စာအုပ်၊စာတမ်းများ လှူဒါန်းခဲ့ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

ကိုယ့်အားကိုယ်ကိုး ပညာရေစီးကြောင်း စာကြည့်တိုက်ဖွင့်

ကာမိုင်း ဇန်နဝါရီ ၂၅

မြစ်ကြီးနားခရိုင် ကာမိုင်းမြို့တွင် ကိုယ့်အားကိုယ်ကိုး ပညာရေစီးကြောင်း စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ကာမိုင်းမြို့ ဂေါ်ရီကျေးရွာ၌ ဒီဇင်ဘာ ၂၄ရက် နံနက် ၉နာရီခွဲက ကျင်းပရာ ကာမိုင်းမြို့ အုပ်ချုပ်ရေးမှူး ဦးလွှမ်းမိုးဟန်၊ ဂေါ်ရီကျေးရွာ ဥက္ကဋ္ဌ ဦးနော်တိန်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းမူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ဟောပြော

အခမ်းအနားတွင် ကာမိုင်းမြို့ အုပ်ချုပ်ရေးမှူး ဦးလွှမ်းမိုးဟန်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းမူက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် စာကြည့်တိုက် ရေရှည်တည်တံ့ရေးအတွက် ရှေ့ဆက်လုပ်ဆောင်ရမည့် မူဝါဒများကို ဟောပြောသည်။

လက်ခံရယူ

ဆက်လက်၍ စာကြည့်တိုက်အတွက် စာအုပ်များ ပေးအပ်လှူဒါန်းကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အလှူရှင်များက သုတ၊ ရသ စာအုပ်မျိုးစုံ အုပ် ၁၅၀ ကို ဂေါ်ရီကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ပေးအပ်လှူဒါန်းကြရာ စာကြည့်တိုက် တာဝန်ရှိသူများက လက်ခံရယူကြကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ဖြူးမြို့တွင် မြို့ပြလမ်းများ ကတ္တရာခင်း

ဖြူး ဇန်နဝါရီ ၃၀

စည်ပင်သာယာရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များသည် မြို့ပြစည်ပင်သာယာရေးလုပ်ငန်းများနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်တွင် ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ပြလမ်းနှစ်လမ်းကတ္တရာခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါလမ်းနှစ်လမ်းအနက် ကညွတ်ကွင်း(၁)လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း အရှည် ၇၂၈ ပေ၊ အကျယ် ၁၀ ပေ စုစုပေါင်း ကုန်ကျငွေကျပ် ၂၁၀၆၀၀၀ ဖြင့် လုပ်ငန်းဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

ဖြူးမြို့ထန်းတပင် (၂)လမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာခင်းခြင်း လုပ်ငန်းမှာ အရှည်ပေ ၈၀၀၊ အကျယ် ၁၀ ပေရှိပြီး စည်ပင်သာယာရေးအဖွဲ့မှ ထည့်ဝင်ငွေကျပ် ၁၃၄၂၆၅၀ နှင့် ပြည်သူများထည့်ဝင်ငွေ ကျပ် ၃၀၈၀၃၅၀ ဖြစ်ရာ စုစုပေါင်းကုန်ကျငွေ ကျပ် ၄၄၂၃၀၀၀ အကုန်အကျခံဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(နယ်စပ်/စည်ပင်)

ဇန်နဝါရီ ၂၃ ရက်က မကွေးမြို့နယ် စက်ရေတွင်းများ ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းကို အဖွဲ့ ခေါင်းဆောင် လက်ထောက်အင်ဂျင်နီယာ ဦးထွန်းနိုင်ဦးစီး၍ ဆောင်ရွက်လျက်ရှိရာ မြို့ရေပေးရေးလုပ်ငန်းဖြစ်သော စက်ရေတွင်း အမှတ် (၃)အား တွင်းဆေးခြင်းလုပ်ငန်းနှင့် ပန့်မော်တာ ပြုပြင်ဆောင်ရွက်မှုကို မကွေးမြို့နယ် စည်ပင်သာယာရေး အဖွဲ့တာဝန်ခံ အင်ဂျင်နီယာ ဦးစိုင်းရွှေအောင်ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

ပဲခူးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ကြီးမှူး ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြော၊ ဆေးဝါးများလှူဒါန်း

ပဲခူး ဖေဖော်ဝါရီ ၄

ပဲခူးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၆ ရက်က ပဲခူးတိုင်း(အနောက်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စဝ်နွန်းခွန်ဆမ်က အမှာစကား ပြောကြားသည်။

အသိပညာပေးဟောပြော

ထို့နောက် ပဲခူးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာ ဋ္ဌေးအောင်၊ တွဲဖက်အတွင်းရေးမှူး ဒေါက်တာတင်တင်ဝင်းနှင့် ပဲခူးတိုင်း (အနောက်) မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ အတွင်းရေးမှူး ဒေါက်တာသန်းလွင်တို့က ကျန်းမာရေး ဆိုင်ရာ အသိပညာပေး ဟောပြောကြသည်။

လက်ဆောင်ပေးအပ်

ယင်းနောက် ပဲခူးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက် ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်စဝ်နွန်းခွန်ဆမ်နှင့်အဖွဲ့ သည် ပြည်မြို့ဘိုးဘွားရိပ်သာသို့ သွားရောက်ပြီး အဘိုး အဘွား ၄၈ဦးတို့အား ဆန်၊ ဆီ၊ ဆေးဝါးနှင့် လှူဖွယ်ပစ္စည်း များကို လှူဒါန်းပြီး နေ့လယ်စာ အာဟာရဒါန ကျွေးမွေး သည်။ **(အပေါ်ယာပုံ)**ဆက်လက်၍ ပြည်မြို့မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ဖွင့်လှစ်ထားရှိသည့် မူကြို ကျောင်းသို့သွားရောက်၍ ကလေးငယ်၃၀တို့အားအာဟာရ တိုက်ကျွေးခြင်း၊သံဓာတ်အားဆေး တိုက်ကျွေးခြင်း၊ လက် ဆောင်ပစ္စည်းများ ပေးအပ်ခြင်းများ ဆောင်ရွက်ကြသည်။

ရှင်းလင်းဆွေးနွေး

ထို့နောက် ဇန်နဝါရီ၂၇ရက်တွင် ပြည်မြို့ သီရိခေတ္တရာ ရတနာမြို့တော်ခန်းမ၌ ပဲခူးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် ပြည်ခရိုင်အတွင်းရှိ မြို့နယ်ခြောက်မြို့နယ်မှ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း အလုပ်အမှုဆောင်များ၊ အသင်းဝင်များတွေ့ဆုံပွဲကို ကျင်းပရာ ဥက္ကဋ္ဌ ဒေါ်စဝ်နွန်းခွန်ဆမ်က အမှာစကား ပြောကြားပြီး အတွင်းရေးမှူး ဒေါက်တာဋ္ဌေးအောင်က ဖွဲ့စည်းပုံကို လည်းကောင်း၊ ပဲခူးတိုင်း(အနောက်)မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာသန်းလွင်က ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ် များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက် ရေးအသင်းဥက္ကဋ္ဌများ၏ ဆွေးနွေးတင်ပြချက်များ အပေါ် ဥက္ကဋ္ဌ ဒေါ်စဝ်နွန်းခွန်ဆမ်က ဖြည့်ဆည်းဆောင်ရွက်ပေးပြီး မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ထောက်ပံ့သော ဆေးဝါးပစ္စည်းများကို မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌများသို့ ပေးအပ် လှူဒါန်းကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မကွေးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြော

မကွေး ဇန်နဝါရီ ၃၀

မကွေးမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့က စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲကို ဇန်နဝါရီ၂၂ရက် ည၇နာရီက မြို့တော်ခန်းမတွင် ကျင်းပရာ နာယက သဘာပတိ မကွေး ဝင်းမြင့်၊ မကွေး လှမြင့်တို့က အမှာစကား ပြောကြားကြပြီး မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့(ဗဟို)ဥက္ကဋ္ဌ၏ သဝဏ် လွှာကို ဘဏ္ဍာရေးမှူး မြန်မာပြည် ဆရာဟိန်းက ဖတ်ကြားသည်။

ထို့နောက် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ကျော်ဇောလင်း (မကွေး)နှင့် အတွင်းရေးမှူး မောင်မွန်မြတ် (ကျေးလက်–မကွေး)တို့က စာပေဆုရသော အဖွဲ့ဝင်များနှင့် စာပေဟောပြောပွဲ အလှူရှင်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုလွှာများ ပေးအပ် ချီးမြှင့်ကြသည်။

ဟောပြော

ဆက်လက်၍ စာပေဟောပြောပွဲ ကျင်းပရာ စာပေဟောပြောပွဲတွင် စာရေးဆရာမောင်ဆုရှင်၊ ညွှန့်ဟံ (ကြူတော)၊ ကြူကြူသင်းနှင့် မစန္ဒာ တို့က စာပေရေးရာများ ဟောပြောကြ သည်။

ကျင်းပ

မကွေးခရိုင်အတွင်းရှိတောင်တွင်း ကြီးမြို့၊ မြို့သစ်မြို့၊ နတ်မောက်မြို့၊ မကွေးမြို့ ကြာကန်ရွာ၊ ကျန်းမာ ရေးတက္ကသိုလ်နှင့် ဆေးတက္ကသိုလ်တို့ တွင်လည်း ဇန်နဝါရီ ၂၃ရက်နှင့် ၂၄ ရက်က စာပေဟောပြောပွဲများ ကျင်းပ ကြကြောင်း သိရသည်။

(၄၀၅)

ခစ်ဆေး

ဇန်နဝါရီ၂၉ရက်က လှည်းကူး မြို့နယ် ရိပ်သာ ရပ်ကွက်တွင် ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာန မှူး၏ ကြီးကြပ်မှုဖြင့် လှည်းကူး မြို့နယ် မီးသတ် ဦးစီးဌာနမှူး ဦးအောင်ရဲမင်း၊ ရပ်ကွက်မီးဘေး ကြိုတင်ကာကွယ်တားဆီးရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလှဖေနှင့် အရန်မီးသတ် တပ်ဖွဲ့ဝင်များတစ်အိမ်တက်ဆင်း မီးဘေးကြိုတင်ကာကွယ်ရေး စစ် ဆေးကြစဉ်။(မြို့နယ် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

မုံရွာမြို့စီးပွားရေးတက္ကသိုလ်အင်္ဂလိပ်စာဌာနကြီးမှူး ဘာသာရပ်ဆိုင်ရာဆွေးနွေး၊ အင်္ဂလိပ်ဘာသာစကားများပို့ချ

မုံရွာ ဇန်နဝါရီ ၂၁

မုံရွာမြို့ စီးပွားရေးတက္ကသိုလ် အင်္ဂလိပ်ဌာနကကြီးမှူး ဖွင့်လှစ်သော Presentation Skills Course သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၇ရက် မွန်းလွဲ ၂နာရီက မုံရွာ စီးပွားရေးတက္ကသိုလ် Multi-media ခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယ ပါမောက္ခချုပ် ဦးအောင်မြင့်က အမှာ စကား ပြောကြားပြီး အင်္ဂလိပ်စာဌာန ဌာနမှူး ဒေါ်ကြူကြူသင်းက သင်တန်း ဖွင့်လှစ်ရခြင်း အကြောင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

(အပေါ်ပုံ)

အဆိုပါသင်တန်းကို ဇန်နဝါရီ ၁၇ရက်မှ ၂၈ရက်အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းတွင် သုတေသန စာတမ်း များနှင့် ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲ များတွင် အသုံးပြုရမည့် အင်္ဂလိပ် ဘာသာ စကားများ ပို့ချကြခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

အင်းစိန်မြို့နယ် ပေါက်တောရပ်ကွက် လှိုင်မြစ်လမ်း အမှတ် (၆၃)နေ (ဦးဘို–ဒေါ် သိန်းကြည်)တို့အား ရည်စူး၍ သားသမီး မြေးမြစ်များက စိန် ရတနာ နာရေးကူညီ မှုအသင်း(အင်းစိန်)သို့ ဒုတိယအကြိမ်အလှူငွေ ကျပ် သုံးသိန်းလှူဒါန်း ရာ အသင်းနာယက ဦးမြတ်လှဦးနှင့်နာယက များက လက်ခံယူပြီး ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

(က–ပ)

တွံတေးမြို့နယ် ကျန်းမာရေးဦးစီး ဌာနက ကျင်းပ သော ဦးတည် အုပ်စုများတွင် ရာ နှုန်းပြည့် ကွန်ဒုံး အသုံးပြုရေး စီမံ ချက် အသိပညာ ပေး ဆွေး နွေး ပွဲ ကို ဇန်နဝါရီ ၃၀ ရက်က တွံတေး မြို့ ပြည်သူ့ ဆေး ရုံ အစည်းအဝေး ခန်းမတွင် မြို့နယ် ကျန်းမာရေးဦးစီးမှူး ဒေါက်တာမောင်မောင်သန်းက ကျန်းမာရေးပညာပေးရှင်းလင်းဟောပြောစဉ်။

(၃၈၀)

ကျေးလက်ရေပေးရေး ကွင်းဆင်းစစ်ဆေး

မိုးညှင်း ဖေဖော်ဝါရီ ၁

မိုးညှင်းမြို့နယ်စည်ပင်သာယာရေး အဖွဲ့က ကျေးလက်နေပြည်သူများ သန့် ရှင်းသောသောက်သုံးရေ လုံလောက်စွာ ရရှိရေး စီမံချက်အရ ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် မိုးညှင်းမြို့နယ် ပင့်သာကျေးရွာတွင် မြို့နယ်စည်ပင် သာယာရေးအဖွဲ့နှင့် ကျေးရွာပြည်သူ များ ပူးပေါင်းဆောင်ရွက်ကြသည့် စိမ့်စမ်းရေသွယ်ယူရေး လုပ်ငန်းဖြစ် သော လေးလက်မ အရှည်ပေ ၆၃၀၀ ပိုက်သွယ်တန်းခြင်း လုပ်ငန်းကို ဇန်န ဝါရီ ၂၉ရက်က အဖွဲ့အင်ဂျင်နီယာနှင့် ကျေးရွာပြည်သူများ စုပေါင်းဆောင် ရွက်ကြရာ အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးမြင့်ဇော် ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်ကြကြောင်းသိရ သည်။ **(မြို့နယ် စည်ပင်)**

ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်း
ဓိဝိတဒါန ကုသိုလ်ရှင်

တနင်္လာဆွမ်းလောင်းသင်းဓမ္မသဘင်၊ ၁၁ရပ်ကွက်၊ လှိုင်မြို့နယ်	၂၀၀၀၀ကျပ်/
ဒေါ်စွမ်သီ–ဒေါ်ယုံမေ–ဒေါ်အလွိး ရာမစတိုး၊ တိုက်ကြီးမြို့၊	၁၀၀၀၀၀ကျပ်/
ဦးအောင်သိုက်–ဒေါ်မြမြ၊မော်လမြိုင်ရောင်းဝယ်ရေး၊ဈေးချိုမန္တလေး	၅၀၀၀၀ကျပ်/
ကိုသောင်းဝင်း–မခင်ယုစန်း၊သားအောင်မင်းခန့်၊တမ္ပဝတီ၊မန္တလေး	၅၀၀၀၀ကျပ်/
၁၀၅–ရပ်ကွက်၊ ဗုဒ္ဓပူဇာသဘင်စုပေါင်းအလှူ၊ (ဒဂုံတောင်)	၅၀၀၀၀ကျပ်/
ဗိုလ်ကြီးနိုင်ဝင်းအောင်–ဒေါ်အေးသီတာသိန်း၊သမီးရှင်ဘုန်းပြည့်ခင်	၃၀၀၀၀ကျပ်/
ဦးအေးတင်–ဒေါ်အေးအေးရီ၊ ရွှေစံအိမ်မိသားစု၊ ပန်းလှိုင်အိမ်ရာ	၃၀၀၀၀ကျပ်/
ကိုခင်မောင်ဝင်း–မသန်းသန်းရွှေ၊ တိုက်–၁၁၊ပန်းလှိုင်အိမ်ရာ	၃၀၀၀၀ကျပ်/
ဦးမောင်လှ–ဒေါ်ခင်သန်း၊ ဘုရားလေးလမ်း၊ တိုက်ကြီးမြို့	၃၀၀၀၀ကျပ်/
ဒေါ်စိကြာနှင့်ညီမများ၊ ဒေါ်သန်းခင်၊ ဒေါ်မမကြီး၊ဇောတိရိပ်သာ၊မန္တလေး	၂၀၀၀၀ကျပ်/
ဦးယိန်တွယ်–ဒေါ်ငွေရ၊ ဦးသန်းထွန်း–ဒေါ်မြင့်မြင့်သိန်း၊ ၃၄လမ်း	၂၀၀၀၀ကျပ်/
ဦးစိန်ထွေး၊ ပင်ရွှေညောင်လမ်း၊ တာမွေလေး	၁၅၀၀၀ကျပ်/
ဒေါ်တင်ရွှေ၊ သား(ကိုစိန်ဝင်း) သမီးစန္ဒာဝင်း၊ ၂၀ လေးထောင့်ကန်	၁၅၀၀၀ကျပ်/
ဒေါ်စိန်မြင့်၊ စက်ဝင်းမာန်အောင်ရပ်ကွက်၊ တာမွေ	၁၀၀၀၀ကျပ်/
ဦးစိုးမြင့်–ဒေါ်မြင့်မြင့်သိန်း၊ တိုက်–၈၊ ပန်းလှိုင်အိမ်ရာ	၁၀၀၀၀ကျပ်/
ဒေါ်ကျင်စိန်၊ အမှတ် ၂၇–၃လမ်း၊ ၃ရပ်ကွက်၊ တ/ဥက္ကလာ	၁၀၀၀၀ကျပ်/
ဦးဇော်လွင်–ဒေါ်ခင်မာရီ၊ သား ကိုမြတ်ဇော်၊ တောင်မြင်းပြိုင်ကွင်း	၁၀၀၀၀ကျပ်/
မိခင်(ဒေါ်ခင်စိန်) ဦးတိုးမြင့်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ကန်တော်ကလေး	၁၀၀၀၀ကျပ်/
ဦးစန်းငွေ–ဒေါ်တင်တင်ဝင်း၊ ပိတောက်ဝါခေတ်ပုံ၊ ၁၃ရပ်ကွက်၊တ/ဥ	၁၀၀၀၀ကျပ်/
ကိုချစ်ဆွေ–မမြင့်မြင့်စိန်၊ ဝဇီရာ– ၁လမ်း/ မ/ဥက္ကလာပ	၁၀၀၀၀ကျပ်/
မယဉ်ထူးထူးလှိုင်၊ ၈လမ်း၊ ၁၄/၁ရပ်ကွက်၊ တ/ဥက္ကလာပ	၁၀၀၀၀ကျပ်/

ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ရွှေပြည်ဟိန်းကျောင်း၊ ဖုန်း–၅၄၁၄၉၃၊ ပြည်သာယာ၊ ရန်ကင်း။

MYANMAR IVANHOE COPPER COMPANY LIMITED
INVITATION TO TENDER
Supply Of Explosives and Related Services

Myanmar Ivanhoe Copper Company Limited (MICCL) hereby invites sealed bids from eligible bidders for the Supply of Explosives and Related Services for MICCL Mine Site, which is on the west bank of Monywa, Myanmar.

Interested companies may contact our office where a complete set of bidding documents can be obtained on payment of US$ 300 from the following address during office hours between 9:00am and 5:00 p.m.

Bids should be on company's letterhead and signed by the authorized person. Bids should be submitted in duplicate, in sealed envelopes addressed to:-

General Manager
Myanmar Ivanhoe Copper Company Limited
70 (l), Bo Chein Street
Pyay Road, Hlaing Township
Yangon, Myanmar
(Phone: 951-514194/ 514195/ 514196, Fax: 951-514208)
Bids will be closed at 16:30 hours on 11th February 2005.
General Manager Myanmar Ivanhoe Copper။

အမည်ပြောင်း

အဖ ဦးလှမျိုး၏သား မောင်ရဲပြည့်စုံ စတုတ္ထတန်း(က) အထက (၂)တာမွေအား မောင်အောင်ကိုမင်းဟု ပြောင်းလဲခေါ်ပါရန်။

မောင်အောင်ကိုမင်း။

ကန့်ကွက်နိုင်ပါသည်

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ ၁၅ လမ်း၊ တိုက် ၉၊ အခန်း ၁၀၄ (ပထမထပ်) ဒေါ်နန်းခမ်းနွဲ့ လိုင်စင် ၉/မရတ(နိုင်)–၀၀၁၀၁၆နှင့် ဦးစိုင်းနွံဦး ၁၃/လရန (နိုင်) ၀၀၀၀၃၄ အမည်တို့ဖြင့် ဝယ်ယူထားသောအခန်းအား ဦးနန်းထက်ပိုင် ၁၂/ခရန(နိုင်) ၁၀၁၅၆၉ အမည်ဖြင့် လွှဲပြောင်း စာချုပ်ချုပ်ဆိုခြင်းကို ကန့်ကွက်လိုပါက ခုနစ်ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ–ယုဇနစင်တာ၊ အမှတ်–၁၃၀၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း–၅၄၀၇၄၂၊ ၅၄၀၇၄၅။

ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ ၃၂ရပ်ကွက် စိမ်းလဲ့သာယာလမ်း၊ အိမ်အမှတ်(၅၈)နှင့် ပတ်သက်၍
အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏အမှုသည် ဦးအောင်သော်ထွန်းသည် ဒေါ်သီတာဝင်းအပေါ် ရန်ကုန်တိုင်းတရားရုံး၌ တရားမကြီးမှုအမှတ် ၃၇၀၂/၂၀၀၄ဖြင့် "လင်မယား ကွာရှင်းပြတ်စဲပြီး လင်မယားနှစ်ဦးပိုင် ပစ္စည်းခွဲဝေပေးစေလိုမှု"စွဲဆိုထားပါသည်။

လင်မယားနှစ်ဦးပိုင်ပစ္စည်းအဖြစ် အထက်ခေါင်းစဉ်ပါ မြေနှင့်အိမ်အပါအဝင် နေအိမ်တွင်းရှိ အိမ်ထောင်ပရိဘောဂပစ္စည်းများသည် ခွဲဝေရမည့် တရားစွဲပစ္စည်းစာရင်းတွင် ပါရှိပါသည်။ သို့ဖြစ်၍ အဆိုပါမြေနှင့်အိမ်ကို အမှုအတောအတွင်း ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်းများ ပြုလုပ်ခဲ့ပါလျှင် ထိုပြုလုပ်သူတို့၏ တာဝန်သာဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးအောင်သော်ထွန်း၏ညွှန်ကြားချက်အရ–

ဒေါ်အေးအေးမြင့် LL.B; ဦးဝင်ရွှေ:LL.B, DBL;DML;

အထက်တန်းရှေ့နေ တရားရုံးချုပ်ရှေ့နေ

အမှတ်–၅၆၁(ပ–ထပ်)၊ MAC Tower

ကုန်သည်လမ်း၊ ရန်ကုန်မြို့။

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေ အမိန့်–၅၊နည်းဥပဒေ ၁ နှင့် ၅)
တောင်တွင်းကြီးမြို့နယ် နယ်တရားမရုံး၌။
၂၀၀၅–ခုနှစ်၊ တရားမကြီးမှု အမှတ်–၇

မကြေးမုံစိုး **နှင့်** မောင်မိုးသူရိန်အောင်
(ခ) မိုးကြီး

တရားလို **တရားခံ**

(ယခုနေရပ်လိပ်စာမသိ) ယခင် ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့ နောင်ခမ်းရွာနေ မောင်မိုးသူရိန်အောင်(ခ)မိုးကြီး သိစေရမည်။

သင့်အပေါ်၌ မကြေးမုံစိုးက လင်မယားအဖြစ် ကွာရှင်းပြတ်စဲပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၀၅ခုနှစ် ဖေဖော်ဝါရီလ ၁၅ရက် (၁၃၆၆ခုနှစ် တပို့တွဲလဆန်း ၇ရက်)နေ့ မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၅ခုနှစ် ဖေဖော်ဝါရီလ ၂ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မောင်မောင်အေး
ဒုတိယမြို့နယ်တရားသူကြီး(၁)
တောင်တွင်းကြီးမြို့နယ်တရားရုံး။



လှိုင်းဘွဲ့မြို့နယ် ကျိုက်မုဋ္ဌောစေတီပြုပြင်ရန် ဩဝါဒခံယူပွဲနှင့် အလှူငွေပေးအပ်ပွဲကျင်းပ

လှိုင်းဘွဲ့ ဇန်နဝါရီ ၃၁

လှိုင်းဘွဲ့မြို့နယ် ကမော့ကချူးကျေးရွာအုပ်စုရှိ ရှေးဟောင်းသမိုင်းဝင်ကျိုက်မုဋ္ဌောစေတီပြုပြင်ရန်အတွက် ဩဝါဒခံယူပွဲနှင့် ပထမအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနားကို စေတီတော်ရင်ပြင်ပေါ်ရှိ ဓမ္မာရုံတွင် ဇန်နဝါရီ ၂၂ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ဗိုလ်မှူးကြီး ချိုထွန်းအောင်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး မြို့နယ်သံဃနာယကဥက္ကဋ္ဌ မြို့မကျောင်းဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓါစာရ ဆရာတော်က ဩဝါဒစကားမြွက်ကြားပြီး အလှူငွေပေးအပ်ပွဲကျင်းပရာ အလှူရှင်များက အလှူငွေကျပ် ၆၁၅၆၀၀၀ ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ပျဉ်ထောင်တွင်းရွာနှင့် ဟင်္သာတ–မြန်အောင်လမ်း ဆက်သွယ်သည့် မြေသား လမ်းဖောက်လုပ်ခြင်းလုပ်ငန်းတွင် ဇန်နဝါရီ ၁၈ရက်က လမ်းမျက်နှာပြင် ကျစ်လျစ် သိပ်သည်းစေရန်အတွက် လမ်းကြိတ် ရေဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ်။ (မြို့နယ် စည်ပင်)

ကချင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

မြစ်ကြီးနား ဇန်နဝါရီ ၂၂

ကချင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန လုပ်ငန်းဆောင်ရွက်ပြီးစီးမှုလုပ်ငန်းများ ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၈ ရက် နံနက် ၁၀နာရီက ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးရုံး၌ ကျင်းပရာ ပြည်နယ်ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးလှထွန်းက အဖွင့်အမှာစကားပြောကြားပြီး(ဝဲပုံ) လုပ်ငန်းများ ဆောင်ရွက် ပြီးစီးမှု အခြေအနေများကို ခရိုင်ငါး လုပ်ငန်း ဦးစီးမှူး၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး၊ ငါးလုပ်ငန်းစခန်းတာဝန်ခံများက ရှင်းလင်းတင်ပြသည်။

ထို့နောက် ကချင်ပြည်နယ်တွင် ငါးထုတ်လုပ်မှုတိုးတက်ရေးအတွက် အင်းများတွင် ယင်းတားစနစ်၊ လှောင်အိမ်စနစ်တို့ဖြင့် ငါးမွေးမြူ ထုတ်လုပ်ရေး၊ ရေဝပ်မြေများတွင် ငါးတိုးချဲ့ မွေးမြူနိုင်ရေး၊ ပြည်နယ်အတွင်းရှိ ဆည်ရေလှောင် တမံများတွင် ငါးမျိုးစိုက်ထည့်ရေး၊ ပြည်နယ်တစ်ခုလုံး၏ ငါးသားပေါက် လိုအပ်ချက်ကို ပြည်နယ်အတွင်းရှိ ငါးလုပ်ငန်းစခန်းနှစ်ခုမှ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေးတို့ကို ဆွေးနွေးညှိနှိုင်းကြကြောင်းသိရသည်။ **(က–ပ)**

လက်ခံရယူ

ကျိုက်ထီးရိုးစေတီ ခန္တီသစ္စာ သာသနာ ဆီမီးကိုးထောင်အဖွဲ့က နှစ်စဉ်အလှူတော်အဖြစ် ဓိဝိတဒါန သံဃာ့ဆေးရုံကြီးတွင် မျက်စိအတွင်းထည့် မှန်ဘီလူးအတွက် ရန်ပုံငွေကျပ် တစ်သိန်းငါးသောင်းကို ဇန်နဝါရီ ၁၉ရက်က လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့နာယက ဦးချစ်လှိုင်က လက်ခံရယူစဉ်။ (က–ပ)

ဇန်နဝါရီ ၁၄ရက်က စစ်ကိုင်းတိုင်း လဟယ်မြို့ နာဂရိုးရာ နှစ်သစ်ကူးပွဲတော်ကို ဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းတိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန တိုင်းဦးစီး ဌာနမှူး ဦးလှခေါင်းကြီးကြပ်မှုဖြင့် လဟယ်မြို့ နိုင်ငံသား အရည်အချင်း ပြည့်မီသူ နာဂ တိုင်းရင်းသားများအား နိုင်ငံသား စိစစ်ရေးကတ်ပြားများ ထုတ်ပေးရန် ကွင်းဆင်းဆောင်ရွက်ကြစဉ်။ (ခရိုင် ပြန်/ဆက်)

နိုင်ငံတော်အကြီးအကဲ၏ အခါမလပ်လမ်းညွှန်မှာကြားချက်နှင့်အညီ ကြပ်မတ်ဆောင်ရွက် မသမာသူများ၏ဆိုးညစ်သောအဖျက်လုပ်ရပ် လုံခြုံရေးသတိဖြင့် ဖိဖိစီးစီးဟန့်တားကာကွယ် အမျိုးသားညီလာခံစတင်သည်မှ ပြီးဆုံးသည်အထိ လုပ်ငန်းများအောင်မြင်ရေးပေါင်းစပ်ညှိနှိုင်း

ရန်ကုန် ဖေဖော်ဝါရီ ၄

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီနှင့် အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၂/၂၀၀၅)ကို ယနေ့ညနေ ၃နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမဋ္ဌကျင်းပရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။

စာမျက်နှာ ၄ ကော်လံ ၁ ✻

ဖျော်ဖြေရေး ဆောင်ရွက်ထားမှု ကြည့်ရှုစစ်ဆေး

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ညီလာခံကိုယ်စားလှယ်များအား ဖျော်ဖြေရေးအတွက် ဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မြန်မာ့သမိုင်းတွင် အရှည်ဆုံး၊ အကြီးဆုံးနှင့် တန်ဖိုးအရှိဆုံးတံတားကြီး သံလွင်တံတား(မော်လမြိုင်)



နိုင်ငံတော်က မွန်ပြည်နယ် မော်လမြိုင်မြို့နယ်တွင် သံလွင်မြစ်ကိုဖြတ်ကျော်၍ တည်ဆောက်ပေးထားသော အရှည် ၁၁၅၇၅ ပေ(နှစ်မိုင်ကျော်)ရှိ ကားရော၊ရထားပါ ဖြတ်သန်းသွားလာနိုင်သည့် သံလွင်တံတား(မော်လမြိုင်)ကို ဤသို့တွေ့ရသည်။